မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၈၉)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၃) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၃) သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားတွင် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၆

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၃) သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားကို ဧပြီ ၅ ရက် ညနေ ၆ နာရီ ၁၀ မိနစ်တွင် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးမြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ်ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကလော တပ်နယ်နှင့် ဗထူးတပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းဆင်း အရာရှိများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

ကြည့်ရှုအားပေး

သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ကပွဲခန်းမ၌ မြဝတီတေးဂီတအဖွဲ့၊ မြဝတီအငြိမ့်အဖွဲ့တို့နှင့်အတူ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းတို့မှ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။**(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီလ ၇ ရက်)

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ လက်တွဲပါဝင်ကြိုးပမ်း

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၃)သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီလ ၅ရက်နေ့က ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပခဲ့ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေး၊ လေ့ကျင့်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကြီး သုံးရပ်ကို ထမ်းရွက်လျက်ရှိသည်။

မျက်မှောက်ခေတ်၌ သိပ္ပံနှင့် နည်းပညာများ အရှိန်အဟုန် မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး စစ်ပညာ၌ ရာသီဥတု၊ မြေအနေအထား၊ လမ်းပန်းဆက်သွယ်မှု၊ ထောက်ပံ့ပို့ဆောင်ရေး စသည့် ပထဝီဆိုင်ရာ အကြောင်းအချက်များ၏ ဩဇာသက်ရောက်မှုသည် လျော့နည်းသွားခဲ့ပြီဖြစ်သည်။

ခေတ်မီတပ်မတော်အဖြစ်တည်ဆောက်ရာ၌ လူ့စွမ်းအားအရင်းအမြစ်များ အရည်အချင်းမြင့်မားရန် လိုအပ်လျက်ရှိရာ မျက်မှောက်ခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်တွန်းလှန်နိုင်မည့် ဗဟုသုတများနှင့် ပြည့်စုံရန် မိမိတို့ကိုယ်တိုင် အစဉ်ဖြည့်ဆည်းသွားကြရမည်ဖြစ်သည်။

တပ်မတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဖြစ်ပေါ်ရေးကို ရည်မှန်း၍ အခြေခံအဆောက်အအုံများကို အုံနှင့်ကျင်းနှင့် တည်ဆောက်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်၏ စွမ်းအားသုံးရပ် မြင့်မားလာရန် ဆောင်ရွက်ခြင်းဖြစ်သည်။

တပ်မတော်သည် တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို တည်ဆောက်နေသကဲ့သို့ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးသည့် နိုင်ငံရေးစနစ်နှင့် ဈေးကွက်ကိုအခြေခံသည့် စီးပွားရေးစနစ်များ ပြောင်းလဲကျင့်သုံးနိုင်ရန် ကြိုးပမ်းဖော်ဆောင်ခဲ့ပေသည်။

အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် မျိုးချစ်တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်လျက်ရှိပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများသည် တပ်မတော်နှင့် လက်တွဲပါဝင်၍ နိုင်ငံတော်၏ အန္တရာယ်ရန်စွယ်မှန်သမျှကို မျိုးချစ်စိတ်ဓာတ်ဖြင့် တွန်းလှန်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်ဟောပြော

နေပြည်တော် ဧပြီ ၆

နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)မှ ကြီးမှူး၍ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဧပြီ ၅ ရက် မွန်းလွဲ ၁ နာရီက မထသ(အဝေးပြေး)ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းအောင်ထွဋ်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနနှင့် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ၊ မထသ(အဝေးပြေး)ဥက္ကဋ္ဌ ဦးဝင်းဆွေနှင့် ကော်မတီဝင်များ၊ ယာဉ်လိုင်းအသီးသီးမှ တာဝန်ခံများနှင့် ယာဉ်မှူး၊ ယာဉ်နောက်လိုက်များ တက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းအောင်ထွဋ်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိန်ဝင်းလှိုင်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိန်နှင့် နေပြည်တော်ယာဉ်ထိန်း ရဲတပ်ဖွဲ့ ရဲမှူးမျိုးညွန့်ဦးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဆောင်ရန် ရှောင်ရန်အချက်များ၊ ပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာကို ရှင်းလင်းဟောပြောသည်။ **(ခရိုင် ပြန်/ဆက်)**

လှူဒါန်း

ရန်ကုန်မြို့ သာကေတမြို့နယ် (၆)ရပ်ကွက် ၁၃ လမ်း ဝေဇယန္တာအနောက်နေ ဒေါ်ပန်းငွေကောင်းမှုဖြင့် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင် အဆောက်အအုံသစ်ကြီးအတွက် ငွေကျပ် ငါးသိန်းတစ်သောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးရုံများသို့ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးလှူဒါန်း

ရန်ကုန် ဧပြီ ၆

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးရုံများသို့ လှူဒါန်းလျက်ရှိသော ပုံမှန်စေတနာသွေးလှူရှင်များအား မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာရှေးရှုမြန်မာမှု အစီအစဉ်က ၂၀၁၀ ခုနှစ်အတွက် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ လသာမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ အမျိုးသားသွေးဌာန၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြန်မာဘရူဝါရီလီမိတက် ဒုတိယ မန်နေဂျင်းဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိန် (အငြိမ်းစား)က မြန်မာဘရူဝါရီလီမိတက် ကရုဏာရှေးရှုမြန်မာမှု အစီအစဉ်မှ ၂၀၁၀ခုနှစ် ပုံမှန်စေတနာသွေးလှူရှင်များအား အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး ထိုးနှံပေးရေး အစီအစဉ်အကြောင်းကို ရှင်းလင်းပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာထံ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးများကို ပေးအပ်လှူဒါန်းသည်။ ***(အပေါ်ပုံ)***

ပြသ

ဆက်လက်၍ မြန်မာဘရူဝါရီလီမိတက် ကရုဏာရှေးရှုမြန်မာမှု အစီအစဉ်က ၂၀၀၉ ခုနှစ်တွင် ကျင်းပခဲ့သည့် ကာကွယ်ဆေးထိုးနှံခြင်း အခမ်းအနားများနှင့် ၂၀၁၀ ခုနှစ်မတ် ၂၅ရက်က စစ်တွေမြို့၌ ကျင်းပခဲ့သည့် ကာကွယ်ဆေးထိုးခြင်း အခမ်းအနားများကို ဗီဒီယိုဆလိုက်ဖြင့် ပြသသည်။

မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာရှေးရှုမြန်မာမှု အစီအစဉ်က နှစ်ရှည် အစီအစဉ်အဖြစ် သန့်စင်သော သွေးများရရှိရန် ပုံမှန်စေတနာသွေးလှူရှင်များအား အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ဆေးများ အခမဲ့ ထိုးပေးသွားရန် ရည်မှန်းချက် ချမှတ်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဇွန် ၁၅ရက်တွင် ရှားပါးသည့် RH (-)သွေးအုပ်စု သွေးလှူရှင် ၂၀၉ဦး၊ ဧရာဝတီတိုင်း ပုသိမ်မြို့၊ ဒေးဒရဲမြို့၊ ဖျာပုံမြို့၊ ဘိုကလေးမြို့များနှင့် မွန်ပြည်နယ် သထုံမြို့ရှိ ပုံမှန်စေတနာ သွေးလှူရှင် စုစုပေါင်း ၁၉၈၂ ဦးတို့အား အသည်းရောင် အသားဝါ (ဘီ)ကာကွယ်ဆေး ၅၉၄၆ ပုလင်းကို အခမဲ့ထိုးနှံပေးခဲ့သည်။

အခမဲ့

၂၀၁၀ ခုနှစ် မတ် ၂၅ရက်က စစ်တွေမြို့ ဦးဥတ္တမ ခန်းမ၌ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့များရှိ ပုံမှန်စေတနာ သွေးလှူရှင်များအား အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေး ၉၂၄ ပုလင်းကို အခမဲ့ထိုးနှံပေးခဲ့သည်။

ထိုးနှံပေး

မြန်မာဘရူဝါရီလီမိတက် ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်က ဆက်လက်၍ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့်စစ်ကိုင်းတိုင်း ကလေးမြို့တို့မှ သွေးလှူရှင်စုစုပေါင်း ၂၁၅၄ ဦးတို့အတွက် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး ၆၄၆၂ ပုလင်းကို အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၇-၄-၂၀၁၀

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၄။ မြဝတီရုပ်မြင်သံကြား မင်္ဂလာကဏ္ဍ
- ၄:၄၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅:၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ Mail Box
- ၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၁)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၃၇)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရယ်ရွှင်စရာ ဟာသပဒေသာ **မမတို့ ကမည့်သင်္ကြန်ပွဲ** ဟန်ဇာမိုးဝင်း၊ သူရလင်း၊ အုန်းသီး အကယ်ဒမီခင်မို့မို့အေး၊ ကစ်ကစ်၊ ကြူကြူသင်း ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)
- ၂၂။ အိုင်စီတီသုတ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာပျိုကညာ** (အပိုင်း-၂၆)

ရာဝတီမြစ်ကူးတံတား (ပခုက္ကူ) ရထားလမ်းချဉ်းကပ်လမ်း မြေသားလုပ်ငန်းဆောင်ရွက်နေမှု

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်၊ ဦးဖေသန်းတို့နှင့်အတူ ဧပြီ ၄ ရက် နံနက်ပိုင်းက လက်ပံချေပေါ်အနီးရှိ ဧရာဝတီမြစ်ကူးတံတား(ပခုက္ကူ)သို့ ရောက်ရှိပြီး စက်ယန္တရားဖြင့် ရထားလမ်းချဉ်းကပ်လမ်း မြေသားလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ချဉ်းကပ်လမ်း

အဆိုပါ ချဉ်းကပ်လမ်းသည် ရန်ကုန်- ပုဂံ- မြင်းခြံ ကားလမ်းပေါ်ရှိ ပုလင်းဘူတာမှ ခွဲထွက်ပြီး တံတားကို ဖြတ်သန်းကာ ကြံခင်း-ပခုက္ကူ ရထားလမ်းပေါ်ရှိ ပခုက္ကူ တက္ကသိုလ်သို့ ဖြတ်သန်းဖောက်လုပ်မည်ဖြစ်သည်။ ချဉ်းကပ်လမ်း၏ အရှည်မှာ ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းတွင် ၂ ဒသမ ၇၅ မိုင်ရှိပြီး အနောက်ဘက်ခြမ်းတွင် ၂ ဒသမ ၇၅ မိုင်ရှိ၍ စုစုပေါင်း ၅ ဒသမ ၅ မိုင်ရှိမည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ပုဂံဘူတာမှ RBE အထူးရထားဖြင့် ပုဂံ- နေပြည်တော် ရထားလမ်းပိုင်းရှိ ရထားလမ်းများ ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးကြပြီး ကုလားရှင်ဘူတာနှင့် နတ်မောက်ဘူတာ အကြား၌ စက်ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် နတ်မောက်မြို့အနီးရှိ အရှည်ပေ ၅၄၀ ရှိ ယင်းချောင်းတံတား (နတ်မောက်) တည်ဆောက်နေမှုနှင့် ဘိုးပိုင်တူးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းခဲ့သည်။

အဆိုပါ ပျော်ဘွယ်- နတ်မောက်- မကွေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် ၉၅ မိုင်ရှိ၍ ပျော်ဘွယ်-ရွာတော် အပိုင်း ၂၇ မိုင်နှင့် မကွေး-ကံဖျားအပိုင်း ၁၀ မိုင်ကို အပိုင်းလိုက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်၍ ဖောက်လုပ်ရန် ကျန်ရှိသော အပိုင်းများကိုဖွင့်လှစ်နိုင်ရေး မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ယင်းချောင်းတံတား (နတ်မောက်) သည် အရှည်ပေ ၅၄၀ ရှိ သံကူကွန်ကရစ်တံတားဖြစ်ပြီးရထားရောကားပါဖြတ်သန်းနိုင်မည့် တံတားဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မူလတန်းလွန်ကျောင်း ပန္နက်တင်အခမ်းအနား မြဝတီ၌ ကျင်းပ

မြဝတီ ဧပြီ ၆

မြဝတီခရိုင် မြဝတီမြို့နယ် အမှတ်(၅) ရပ်ကွက် ကျွန်းတောလမ်း အခြေခံပညာ မူလတန်းလွန်ကျောင်းခွဲ အမှတ်(၃)ကျောင်း ဆောင်သစ် ဆောက်လုပ်ခြင်း ပန္နက်တင် မင်္ဂလာအခမ်းအနားကို မတ် ၃၁ ရက်က ကျွန်းတောကွက်သစ်ရှိ ကျောင်းမြေနေရာပေါ်တွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်မြမြသီနှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်သောင်းတို့က မင်္ဂလာအချိန်တွင် ပန္နက်တိုင်များ ရိုက်သွင်းပေးကြသည်။

အဆိုပါ ကျောင်းအဆောက်အအုံမှာ ပေ (၁၅၀ x ၃၀) ရှိ အာရ်စီနှစ်ထပ် ၁၀ ခန်းတွဲ ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

မဟာဝိဇယစေတီတော်ကြီး၌ ဘာနုရာဇာနေမင်းကြီးက

မြတ်စွာဘုရားအား ဦးခိုက်ပူဇော်မည်

နေပြည်တော် ဧပြီ ၆

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋီတိုက်အတွင်းရှိ အပရာဇိတပလ္လင်တော်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသည့် မုစ္စလိန္ဒာနဂါးမျိုးနွယ် နဂါးကိုးကောင်တို့က ဆင်းတုတော်အား အသွယ်သွယ် ရစ်ပတ်ကာ ခန္ဓာကိုယ်များကို ရွှေသင်္ကန်းအဖြစ် ကပ်လှူပူဇော်ထားသော နာဂစီဝရပဋ္ဋပဋိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်အား ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာနုရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက် မြန်မာသက္ကရာဇ် ၁၃၇၂ ခု နှစ်ဦး ကဆုန်လဆန်း ၅ရက်(မြန်မာနှစ်ဆန်း ၁ ရက်နေ့) ခရစ်သက္ကရာဇ် ၂၀၁၀ ခုနှစ် ဧပြီ ၁၇ရက် နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ထိုနေ့ညနေ ၃ နာရီ ၂၅ မိနစ်တွင်တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်မည်ဖြစ်သည်။

ဖူးမြော်ကြည်ညိုနိုင်

နေမင်းကြီးက မြတ်စွာဘုရားသခင်အား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် မြတ်စွာဘုရားအား ပူဇော်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြသူများ အဓိဋ္ဌာန် အောင်မြင်ပြီး ဆုတောင်းပြည့်ဝနိုင်ကြသည့်အတွက် ထူးမြတ်လှသော အချိန်အခါတွင် မဖူးလိုက်ရ မရှိရလေအောင် သွားရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ယင်းချောင်းတံတား(နတ်မောက်) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေဟောပြောပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)၏ ညွှန်ကြားမှုဖြင့် မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ၁၃၇၁ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ဧပြီ ၂ ရက် ည ၇ နာရီက အမှတ် (၅)ရပ်ကွက် ကျောက်ရေတွင်း အလက(၈)ကျောင်းအနီး စင်မြင့်၌ ကျင်းပသည်။

အမှာစကား

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌထံမှ ပေးပို့သော ၁၃၇၁ ခုနှစ် စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စစ်ပြန် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမင်းဟန်(ငြိမ်း) (မောင်မောင်အိုင်-အိမ်မဲ)က ဖတ်ကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)အလုပ်အမှုဆောင် ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း) (ခင်မောင်ထွန်း-လမ်းမတော်)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်းတို့က အမှာစကား ပြောကြားကြသည်။

ထပ်ဆင့်ဂုဏ်ပြု

ဆက်လက်၍ စာရေးဆရာ သန်လျင်-မောင်မောင်ဦးနှင့် ဦးခင်ဇော်(မရမ်းကုန်း) တို့က စာပေရေးရာများ ဟောပြောကြကာ စာပေထူးချွန်ဆုရရှိခဲ့ကြသော အမျိုးသားစာပေတစ်သက်တာဆုရ ဆရာဒေါက်တာ ကျော်စိန်၊ ပခုက္ကူဦးအုံးဖေ စာမူပြိုင်ပွဲတွင် ကဗျာပေါင်းချုပ် ပထမဆုရ ဆရာဇာနည်၊ စာပေဗိမာန်စာမူပြိုင်ပွဲတွင် ဝတ္ထုရှည် တတိယဆုရ ဆရာမ နီနီနိုင်-သထုံ ***(အပေါ်ယာပုံ)****တို့အား ထပ်ဆင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။* ***(၁၁၁)***

နွေရာသီ (အထက်တန်း၊ အလယ်တန်း) ကျောင်းပေါင်းစုံ အခြေခံရှေးဦးပြုစုခြင်း ၁/၂၀၁၀ ရက်တိုသင်တန်းဖွင့်လှစ်

တောင်ကြီး ဧပြီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် နွေရာသီ အထက်တန်း၊ အလယ်တန်း ကျောင်းပေါင်းစုံ အခြေခံရှေးဦးပြုစုခြင်း ၁/၂၀၁၀ ရက်တိုသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ကျင်းပသည်။အခမ်းအနားသို့ တောင်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ကြက်ခြေနီတပ်ရင်းမှူး ရဲမှူးမောင်မောင်ဝင်း၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးရွှေမန်း၊ နည်းပြကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။**(ဝဲပုံ)**

ရှင်းလင်းပြောကြား

ရှေးဦးစွာ တောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ကြက်ခြေနီတပ်ရင်းမှူး ရဲမှူးမောင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးရွှေမန်းက နွေရာသီအထက်တန်း၊ အလယ်တန်း ကျောင်းပေါင်းစုံ အခြေခံရှေးဦးပြုစုခြင်း သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။**(ခရိုင်ပြန်/ဆက်)**

Gigabyte Notebook Computer များ မန္တလေးမြို့၌ စတင်မိတ်ဆက်ပြသမည်

နေပြည်တော် ဧပြီ ၆

ကမ္ဘာ့တစ်ဝန်း အောင်မြင်ကျော်ကြားနေသော Gigabyte Notebook Computer များကို မန္တလေးမြို့၌ စတင်မိတ်ဆက်သည့်အနေဖြင့် တရားဝင်ကိုယ်စားလှယ် Myanmar Technology Zone Co., Ltd. နှင့် Neo Tech Computer (မန္တလေး) တို့ ပူးပေါင်းပြသမည်ဖြစ်ကြောင်း သိရသည်။

အကောင်းဆုံး

Gigabyte Notebook များထဲမှ M1022 Model Notebook မှာ ပါးလွှာပေါ့ပါးပြီး သယ်ဆောင်ရလွယ်ကူသည့်အပြင် Docking Station နှင့် တွဲဖက်လိုက်ပါက Desktop Computer အနေဖြင့်လည်း အသုံးပြုနိုင်သည်။ Wireless-N (108 Mbps) အသုံးပြုနိုင်ခြင်း၊ Multi- Touch Touchpad ပါဝင်ခြင်း၊ Battery Status Check ပါဝင်ခြင်းတို့အပြင် Hard Disk နှင့် Memory များကိုလည်း အလွယ်တကူ Upgrade ပြုလုပ်နိုင်သည်။ ပါးလွှာပေါ့ပါးပြီး သယ်ဆောင်ရလွယ်ကူခြင်း၊ Keyboard မှာကျယ်ပြန့်ပြီး အသုံးပြုရလွယ်ကူခြင်း၊ Long Life Battery ပါဝင်ခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကျောင်းသူ ကျောင်းသားများအတွက် အသုံးပြုရန် အကောင်းဆုံးဖြစ်သည်။

Gigabyte Notebook များကို မန္တလေးမြို့၌ စတင်မိတ်ဆက်ခြင်း အထိမ်းအမှတ်အနေဖြင့် ဧပြီ ၇ရက်မှ ၁၀ ရက်အတွင်း M1022 Notebook များကို အထူးနှုန်းငွေကျပ် နှစ်သိန်းကျော် (35%Discount)ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ အရေအတွက် အကန့်အသတ်ရှိပြီး လက်ဆောင်များလည်း ထပ်ဆောင်းပေးမည်ဖြစ်သဖြင့် Neo Tech Computer ၇၈ လမ်းနှင့် ၃၂လမ်းထောင့် ဘူတာကြီးတောင်ဘက် ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၉-၅၀၄၃၁၂၀တွင် လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

အရောင်းပြခန်း

ရန်ကုန်မြို့တွင်လည်း နှစ်သစ်ကူးအကြိုဈေးရောင်းပွဲအနေဖြင့် ငွေကျပ် လေးသိန်းကျော်တန် Q1458 Notebook များကို အထူးနှုန်းငွေကျပ် သုံးသိန်းကျော်ဖြင့် ဧပြီ ၇ရက်မှ ၁၀ရက်အတွင်း ရောင်းချပေးမည်ဖြစ်သည်။ ရန်ကုန် အရောင်းပြခန်းမှာ အမှတ် (၁၂၅၊ ဘီ) ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၂၅၆၉၊ ၇၂၃၀၀၉ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆေးရုံနှင့်လက်တွေ့သင်ကြားရေးဌာန အာဖဂန်နစ္စတန်၌ တောင်ကိုရီးယား ဖွင့်လှစ်မည်

ဆိုးလ် ဧပြီ ၆

အာဖဂန်နစ္စတန်၌ ဖြစ်ပွားသည့် ပြည်တွင်းစစ်ပွဲဒဏ်ကြောင့် ပျက်စီးမှုဒဏ်ခံစားရသည့် ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖြစ် တောင်ကိုရီးယားနိုင်ငံက ယခုရက်သတ္တပတ်အတွင်း ဆေးရုံနှင့်လက်တွေ့သင်ကြားရေးဌာနတို့ကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရအဖွဲ့က ဧပြီ ၅ရက်၌ ပြောကြားသည်။

အဆိုပါ ဆေးရုံနှင့်လက်တွေ့သင်ကြားရေးဌာနကို နိုင်ငံခြားရေးနှင့် ကုန်သွယ်မှုဝန်ကြီးဌာန အစီအစဉ်အရ အာဖဂန်နစ္စတန်နိုင်ငံ ဘာဂရမ်မြို့၌ ဧပြီ ၁၁ရက်တွင် ဖွင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်သည်။

ခုတင် (၃၀)ဆံ့ ယင်းဆေးရုံသစ်၌ ခွဲစိတ်ခန်းနှစ်ခန်းထားရှိမည်ဖြစ်ပြီး နေ့စဉ်လူနာပေါင်း ၁၅၀ခန့် ဆေးကုသပေးနိုင်မည့်အပြင် အာဖဂန်ကျောင်းသား ကျောင်းသူများအား ဆေးပညာဆိုင်ရာ သင်တန်းပို့ချပေးမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးလီယောင်ဂျွန်နှင့် တောင်ကိုရီးယား နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ တာဝန်ရှိသူတို့ တက်ရောက်ကြမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နှင့်ဂျော်ဂျီယာကုန်သွယ်ရေး သိသိသာသာ မြင့်တက်လာ

ပေကျင်း ဧပြီ ၆

တရုတ်နှင့် ဂျော်ဂျီယာနှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် ယခုနှစ် ပထမနှစ်လအတွင်း အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၇၇ သန်းဖိုးအထိ တိုးမြင့်လျက်ရှိရာ နှစ်ချင်းအလိုက် ၈၆ ရာခိုင်နှုန်းမြင့်တက်ကြောင်း ဧပြီ ၅ ရက်တွင် ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။ ယခုနှစ်ပထမနှစ်လအတွင်း ဂျော်ဂျီယာနိုင်ငံမှ တရုတ်သို့ တင်ပို့သည့် ပို့ကုန်တန်ဖိုးမှာ ၃ဒသမ၀၂ သန်းရှိပြီး ယခင်နှစ်ကာလကထက် ၃၅၄ ရာခိုင်နှုန်း မြင့်တက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံမှ ဂျော်ဂျီယာနိုင်ငံသို့ တင်ပို့သည့် ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄၃ဒသမ၇၅ သန်းရှိပြီး ၇၉ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ဆိုသည်။

ကုန်သွယ်ဖက်နိုင်ငံ

တရုတ်နိုင်ငံသည် ဂျော်ဂျီယာနိုင်ငံ၏ ပဉ္စမအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အာရှနှင့်အာဖရိကကိုမည်သည့်အခါမျှ လျစ်လျူမပြု တူရကီဝန်ကြီးချုပ် အာဒိုဂန်ထုတ်ဖော်ပြောကြား

အစ္စတန်ဘူလ် ဧပြီ ၆

တူရကီနိုင်ငံအနေဖြင့် အာရှနှင့်အာဖရိကဒေသများကို မည်သည့်အခါမျှ လျစ်လျူပြုကျောခိုင်းမည်မဟုတ်ကြောင်း တူရကီဝန်ကြီးချုပ် အာဒိုဂန်၏ ပြောကြားချက်ကို ကိုးကား၍ အနာတိုလီယာသတင်းဌာနက ဧပြီ ၅ရက်၌ ဖော်ပြသည်။

မိမိတို့အနေဖြင့် အာရှနှင့်အာဖရိကဒေသများကို လျစ်လျူပြုမည်မဟုတ်ကြောင်း၊ အကြောင်းမှာ ယင်းဒေသများအပေါ် မိမိတို့ စိတ်မဝင်စားဘဲ၊ ခပ်စိမ်းစိမ်း မနေနိုင်ကြောင်း ၄င်းက ပြောကြားသည်။

ပြောကြား

မိမိတို့က အနောက်နိုင်ငံများဘက်သို့ ဦးလှည့်နေသော်လည်း သမိုင်းကြောင်းအရနှင့် ယဉ်ကျေးမှုအရ တူရကီနှင့် အာရှ၊ အာဖရိက စသော အရှေ့တိုင်းဒေသများသည် ခွဲခြားမရကြောင်း ဝန်ကြီးချုပ် အာဒိုဂန်က အစ္စတန်ဘူလ်မြို့၌ ကျင်းပသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အသင်းအစည်းအဝေးတွင် ပြောကြားသည်။

ကြိုးပမ်း

တူရကီနှင့် အာရပ်နိုင်ငံများအကြား အဓိပ္ပာယ်မရှိသည့် သဘောထားကွဲလွဲမှုများကို ဖယ်ရှားရန် မိမိ၏အစိုးရက စတင်ကြိုးပမ်းနေသည်ဟု ဝန်ကြီးချုပ် အာဒိုဂန်က ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တူရကီ ဝန်ကြီးချုပ် အာဒိုဂန်

ပါကစ္စတန် အနောက်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ လူ ၂၀သေဆုံး

အစ္စလမ္မာဘတ် ဧပြီ ၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လိုဝါဒါဒေသ၌ ဧပြီ ၅ရက်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၂၀ သေဆုံးကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

ဒဏ်ရာရရှိ

ဖရွန်တီရာပြည်နယ် အနောက်မြောက်ပိုင်း လိုဝါဒါဒေသ၌ အဝါမီအမျိုးသားပါတီ(အေအင်န်ပီ)အဖွဲ့ လူထုစည်းဝေးပွဲကျင်းပစဉ် ဗုံးပေါက်ကွဲသဖြင့် အများအပြား ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ပို့ဆောင်ပေး

အခင်းဖြစ်ပွားရာဒေသသို့ ဗုံးရှင်းလင်းရေးအဖွဲ့နှင့် လူနာတင်ယာဉ်အပါအဝင် ကယ်ဆယ်ရေးအဖွဲ့ကို စေလွှတ်လိုက်ပြီး ဒေသခံပြည်သူများက ကယ်ဆယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိရာ ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးသည်။

ဖော်ပြ

ဖရွန်တီရာပြည်နယ် လိုဝါဒါဒေသကို ခိုင်ဘာ-ပက်တွန်ကွာ ပြည်နယ်အဖြစ် အမည်ပြောင်းလဲရန် အဆိုပြုပြီးနောက် (အေအင်န်ပီ)ပါတီမှ အခမ်းအနားကျင်းပရန် လူစုလူဝေးရောက်ရှိစဉ် ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

အဆိုပါဖြစ်ပွားမှုသည် လိုဝါဒါဒေသရှိ ဈေးကြီးအနီး မှတ်ပုံတင်ရုံးရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်အနီး၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်နိုင်ငံ ခရီးစဉ်များ ကနေဒါ လေကြောင်းလိုင်း တိုးချဲ့ပြေးဆွဲမည်

ပေကျင်း ဧပြီ ၆

ကနေဒါနိုင်ငံနှင့် တရုတ်နိုင်ငံအကြား လေကြောင်းခရီးသွားလာမှု တိုးတက်မြန်ဆန်စေရန်အတွက် ကနေဒါလေကြောင်းလိုင်းက ခရီးစဉ်များကို တိုးချဲ့လိုက်ကြောင်း ကနေဒါလေကြောင်း ကုမ္ပဏီက ဧပြီ ၅ရက်၌ ပြောကြားသည်။

တိုးချဲ့

ယခုနှစ်အတွင်း ကနေဒါနှင့်ပေကျင်း၊ ရှန်ဟိုင်းနှင့်ကနေဒါ လေကြောင်းခရီးစဉ်များကို တစ်ပတ်တွင် (၂၈)ကြိမ်တိုးချဲ့ပြေးဆွဲမည်ဖြစ်ပြီး ကွမ်ကျိုးနှင့် ဘန်ကူးဗါးသို့ပျံသန်းမည့် လေကြောင်းခရီးစဉ်ကို ၂၀၁၃ ခုနှစ်တွင် တိုးချဲ့ပျံသန်းမည်ဖြစ်သည်။ **(အင်တာနက်)**

အေဒင်ပင်လယ်ကွေ့သို့ ပင်လယ်ပြင် လုံခြုံရေးအတွက် သွားရောက်သည့် တရုတ်ရေတပ်သင်္ဘော အိုမန်နိုင်ငံ ဘာလာလာဆိပ်ကမ်းသို့ ဆိုက်ကပ်သည်ကို ဧပြီ ၅ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အိန္ဒိယသင်္ဘောနှစ်စင်း ပင်လယ်ဓားပြများ ပြန်လွှတ်ပေး

မိုဂါဒစ်ရှူး ဧပြီ ၆

သင်္ဘောသား၂၆ဦးနှင့်အတူ အပိုင်စီးခံရသည့် အိန္ဒိယသင်္ဘောရှစ်စင်းမှ နှစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက မကြာမီတွင် ပြန်လွှတ်ပေးခဲ့ကြောင်း သင်္ဘောပို့ဆောင်ရေးဌာနက ဧပြီ၄ရက်၌ ပြောကြားသည်။

အပိုင်စီး

အပိုင်စီးခံရသည့် သင်္ဘောခြောက်စင်းသည် ဆေးရှဲလ်ကျွန်းအနီးတွင်ရှိနေပြီး အခြားအိန္ဒိယသင်္ဘောသား၈၀တို့သည် ပင်လယ်ဓားပြများလက်အတွင်း ယခုတိုင် ရှိနေသေးသည်။

လွှတ်ပေး

သင်္ဘောသား၁၅ဦးနှင့်အတူ သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက ဧပြီ ၃ ရက်ကလွှတ်ပေးခဲ့ပြီး သင်္ဘောသား ၁၁ဦးနှင့်အတူ အခြားသင်္ဘောတစ်စင်းကို ဧပြီ ၄ရက် နံနက်စောစောပိုင်းက လွှတ်ပေးလိုက်သည်။ **(အင်တာနက်)**

ပက်ရှ်ဝါ၌ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်နေသည်ကို ဧပြီ ၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရုရှားအာကာသယာဉ် နိုင်ငံတကာအာကာသစခန်းနှင့်ချိတ်ဆက်

မော်စကို ဧပြီ ၆

အာကာသယာဉ်မှူး သုံးဦးလိုက်ပါလာသည့် ရုရှားအာကာသယာဉ်သည် နိုင်ငံတကာအာကာသစခန်း(အိုင်အက်စ်အက်စ်)နှင့် ဧပြီ ၄ရက် နံနက်ပိုင်း၌ ချိတ်ဆက်မိကြောင်း မော်စကိုမြို့ပြင်ရှိ ထိန်းချုပ်ရေးဌာနက ပြောကြားသည်။

နေထိုင်

(၂၃)ကြိမ်မြောက် အိုင်အက်စ်အက်စ်မစ်ရှင်တွင် ရုရှားအာကာသယာဉ်မှူး အလက်ဇန္ဒားစကိုင်ဗော့ဆော့နှင့် မစ်ခေးကော်နီယန်ကို၊ အမေရိကန်အမျိုးသမီး အာကာသယာဉ်မှူး ထရေစီကော့ဝဲဒိုင်ဆင်တို့သုံးဦးလိုက်ပါလာကြပြီး အိုင်အက်စ်အက်စ်၌ ၁၆၇ ရက်ကြာ နေထိုင်ကြမည်ဖြစ်သည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ဆီးရီးယား၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ကုန်စည်ပြပွဲကျင်းပ

ဒမတ်စကတ် ဧပြီ ၆

တရုတ်နှင့် ဆီးရီးယားနှစ်နိုင်ငံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကို နှစ်နိုင်ငံ သဘောတူညီမှုအရ ဧပြီ ၅ရက်၌ သဘောတူညီချက်စာချုပ်ချုပ်ဆိုကြောင်း ဆီးရီးယားနိုင်ငံ စွမ်းအင်နှင့်သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဆီးရီးယားနိုင်ငံ၌ (၇)ကြိမ်မြောက် နိုင်ငံတကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ကုန်ပြပွဲကို ဧပြီ ၅ရက်မှ စတင်ကာ လေးရက်ကြာကျင်းပစဉ် ဆီးရီးယားဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ပါဝင်

အဆိုပါကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံမှ အကြီးဆုံး ရေနံကုမ္ပဏီဖြစ်သည့် (စီအင်န်ပီစီ)နှင့် (အက်စ်အိုင်အင်န်အိုပီအီးစီ)တို့အပါအဝင် နိုင်ငံပေါင်း ၄၁ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၆၅ခုပါဝင်ခင်းကျင်းပြသခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်ဗုံးကွဲမှု အရပ်သားလေးဦးသေဆုံး

ကဘူးလ် ဧပြီ ၆

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဂါနီပြည်နယ် ဂါနီမြို့၌ ဧပြီ ၄ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အရပ်သားလေးဦး သေဆုံးကြောင်း ရဲအရာရှိက ဧပြီ ၅ရက်၌ ပြောကြားသည်။

ဂါနီမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အရပ်ဘက်မော်တော်ယာဉ်ထိမှန်ပြီး အမျိုးသမီးသုံးဦးအပါအဝင် အရပ်သားလေးဦးသေဆုံးခဲ့ကာ ကလေးနှစ်ဦးနှင့် ဆယ်ကျော်သက်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲအရာရှိက ပြောကြားသည်။ **(အင်တာနက်)**

ဒိန်းမတ်နိုင်ငံတောင်ပိုင်း ဆာဘေးဒေသ၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ အပျက်အစီးများကို ဧပြီ ၅ရက်က တွေ့ရစဉ်။

(ယင်းဖြစ်ပွားမှုကြောင့် နှစ်ဦးသေဆုံးပြီး နှစ်ဦးပြင်းထန်စွာဒဏ်ရာရရှိသည်။) **(အင်တာနက်ဓာတ်ပုံ)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် ➢ စုစည်းသည်

မက္ကဆီကို အနောက်မြောက်ပိုင်း၌ ငလျင်လှုပ်

မက္ကဆီကိုနိုင်ငံ အနောက်မြောက်ပိုင်း မက်စီကာလီမြို့ကမ်းလွန်တွင် ဧပြီ ၆ရက်က ရစ်ချ်တာစကေး ၇ဒသမ ၂အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ မက်စီကာလီမြို့၌ နေအိမ်အဆောက်အအုံများ ပြိုကျပျက်စီးခဲ့ကြောင်း မက္ကဆီကိုအရာရှိများက သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

ဂျာမနီကုန်တင်သင်္ဘော အပိုင်စီးမှုမှ လွတ်မြောက်

ဆိုမာလီ ကမ်းလွန်ပင်လယ်ပြင်တွင် ဂျာမနီကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီ ဓားပြများက ဧပြီ ၆ရက်၌ အပိုင်စီးရန်ကြိုးစားရာ ဒတ်ချ်ရေတပ်သင်္ဘော ရောက်ရှိလာပြီး တိုက်ခိုက်မှုကြောင့် ဂျာမန်ကုန်တင်သင်္ဘောသည် ဓားပြများရန်မှ လွတ်မြောက်လာခဲ့ကြောင်း ဒတ်ချ်ရေတပ် အရာရှိများက ပြောကြားသည်။

အစွန်းရောက်ပွဲများဆောင်ရွက်ချက် တူရကီဝေဖန်

အစွန်းရောက်ပွဲ့ဝင်များက ဂါဇာကမ်းမြောင်ဒေသအား တိုက်ခိုက်မှုများ ပြုလုပ်နေမှုကို ပြစ်တင်ဝေဖန်လိုက်ပြီး အမြန်ဆုံးရပ်တန့်ရန် တိုက်တွန်းလိုက်ပြီးအစ္စရေးတို့၏ လုပ်ဆောင်မှုများသည် လူသားချင်းစာနာမှုမရှိကြောင်း တူရကီဝန်ကြီးချုပ် အာဒိုဂန်က ဧပြီ ၆ရက်၌ ဝေဖန်လိုက်သည်။

ဗာဂျီးနီးယား၌ သတ္တုမိုင်းတွင်း ပေါက်ကွဲ

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်၌ ဧပြီ ၆ရက် နံနက်က သတ္တုမိုင်းတွင်းတစ်တွင်းပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းလုပ်သား ၂၅ဦး သေဆုံးပြီး ၂၁ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဗာဂျီးနီးယား ရဲတပ်ဖွဲ့က ပြောကြားသည်။

အိန္ဒိယနှင့်ပါကစ္စတန် ပူးတွဲစစ်ရေး လေ့ကျင့်မည်

အိန္ဒိယနှင့်ပါကစ္စတန်နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို လာမည့် ဧပြီ ၁၀ရက်မှ မေ ၁၃ရက်အထိ အချိန်ကြာမြင့်စွာပြုလုပ်သွားမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံက ဂျာကာတိုက်လေယာဉ်အသစ်များကို စမ်းသပ်လေ့ကျင့်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံ ပန်ဂျပ်နှင့် ဆင်းပြည်နယ်အကြား၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

အမေရိကန်၏စွပ်စွဲချက် အီရန် ပယ်ချ

အာဖဂန်နစ္စတန်နိုင်ငံ အကြမ်းဖက်တိုက်ခိုက်ရေးသမားများထံသို့ အီရန်နိုင်ငံက လက်နက်များတင်ပို့ပေးနေကြောင်း အမေရိကန်၏စွပ်စွဲချက်ကို အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၆ရက်၌ပယ်ချလိုက်သည်။ မိမိတို့နှစ်နိုင်ငံသည် အပြန်အလှန်ဆက်ဆံရေး အနေအထားမရှိကြောင်း အီရန်အရာရှိများက ပြောကြားသည်။

ကွန်ဂိုလေဆိပ်၌တိုက်ခိုက်မှုဖြစ်ပွား၊ ကိုးဦးသေဆုံး

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံရှိ အမ်ဘန်ဒါကာလေဆိပ်၌ ဧပြီ ၆ရက် နံနက်က လက်နက်ကိုင်အကြမ်းဖက်သမားများနှင့် ကွန်ဂိုတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုဖြစ်ပွားရာ ကိုးဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

တိုယိုတာကားအမှာစာ တောင်ကိုရီးယားပြန်ရုပ်သိမ်း

တောင်ကိုရီးယားနိုင်ငံမှ မှာယူထားသည့် ဂျပန်တိုယိုတာမော်တော်ကား ၁၂၉၈၄စီး၏ အမှာစာ ပြန်လည်ရုပ်သိမ်းကြောင်း ဧပြီ ၆ရက်၌ တောင်ကိုရီးယားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဒိုမီနီကန်၌ တောမီးလောင်မှု ဖြစ်ပွား

ဒိုမီနီကန်နိုင်ငံ တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ဧပြီ ၅ရက်က တောမီးလောင်မှုဖြစ်ပွားရာ သစ်တောဧရိယာ ရာချီ၍ပျက်စီးဆုံးရှုံးကာ အနီးဝန်းကျင်ရှိ ဒေသခံတို့ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရပြီး လျှပ်စစ်မီးများ ပြတ်တောက်လျက်ရှိကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။ ။ (အင်တာနက်)

ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲ သရက်၌ကျင်းပ

သရက် ဧပြီ ၆

မကွေးတိုင်း သရက်ခရိုင် သရက်မြို့နယ် ကျေးရွာစာကြည့်တိုက်များနှင့် ပျဉ်ထောင်ကျေးရွာ သုတရောင်ခြည်စာကြည့်တိုက်သို့ စာတံခွန်စာသေတ္တာ အစီအစဉ်လုပ်ငန်း ဖော်ဆောင်ရေးအဖွဲ့၏ စာအုပ်လှူဒါန်းပွဲကို မတ် ၃၁ရက် နံနက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးလှမျိုးအောင်က စာကြည့်တိုက်ဖွံ့ဖြိုးရှင်သန်ရေးကိုလည်းကောင်း၊ စာတံခွန်စာသေတ္တာ အစီအစဉ်အဖွဲ့ခေါင်းဆောင်ဦးသိန်းမော်က လှူဒါန်းရခြင်းအကြောင်းကိုလည်းကောင်း၊ ပျဉ်ထောင်ကျေးရွာ သုတရောင်ခြည်စာကြည့်တိုက် ကော်မတီဝင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးခင်ညွှန့် (ခင်ညွှန့်-သရက်) က ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားကြသည်။

လက်ခံယူ

ထို့နောက် လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ စာတံခွန်စာသေတ္တာ အစီအစဉ်အဖွဲ့ ခေါင်းဆောင် ဦးသိန်းမော်နှင့်အဖွဲ့ဝင် လက်ထောက်မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးအောင်ကျော်စိုးတို့က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌဦးသန်းလွင်၊ ခရိုင်ဦးစီးအရာရှိ ဦးလှမျိုးအောင်နှင့် ကျေးရွာစာကြည့်တိုက် ကော်မတီဝင်ဦးခင်ညွှန့်တို့က လက်ခံယူကြသည်။(**အပေါ်ပုံ**) အဆိုပါလှူဒါန်းပွဲတွင် ရုပ်ပုံကားချပ် သုံးချပ်၊ သုတစာအုပ် ၇၀၊ မဂ္ဂဇင်း ၁၂၁အုပ်နှင့် ကာတွန်းစာအုပ် ၂၀တို့ကို လှူဒါန်းခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ဆီဆိုင်မြို့နယ်၌ စာကြည့်တိုက်ဆောက်လုပ်

ဆီဆိုင် ဧပြီ ၆

ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိုးလွင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်တို့သည် မတ်၅ရက် နံနက် ၉နာရီက ဆောက်လုပ်လျက်ရှိသည့် နန်းသြကျေးရွာ အောင်ပညာစာကြည့်တိုက်အဆောက်အအုံဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဟိုပင်မြို့ စုပေါင်းရုံးလမ်းကတ္တရာခင်းခြင်းဆောင်ရွက်မှုကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာဦးအောင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး ရမည်းသင်းမြို့နယ်တွင် ပညာပေးဟောပြော

ရမည်းသင်း ဧပြီ ၆

ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လူထုအသိပညာပေးဟောပြောပွဲကို မတ်၁၈ရက် နံနက် ၉နာရီက ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (**အပေါ်ပုံ**)

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်ကြီးက ကြက်၊ ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားကူးစက်ပုံ၊ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစနစ်များ၊ ဇီဝလုံခြုံမှုဆိုင်ရာ အသိပညာပေးဟောပြောမှုများ၊ မွေးမြူရေးခြံများ ရောဂါမကူးစက်ရေးအတွက်လိုအပ်သော ကာကွယ်ရေးစနစ်များ ထားရှိရေးတို့ကို ရှင်းလင်းပြောကြားပြီး ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ရှေးဦးသူနာပြု သင်တန်း ရှာငံပြည်သူ့ဆေးရုံ၌ဖွင့်

ရှာငံ ဧပြီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရှာငံမြို့နယ်တွင် ကြက်ခြေနီ ရှေးဦးသူနာပြုသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ်၂၃ရက် နံနက်၁၀နာရီက မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာရဲနှင့် မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာလှသူဇာအောင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်အိရွှေစင်မောင်မောင်က သင်တန်းထောက်ပံ့အလှူငွေများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးသိန်းဇော်ဦးက ဗလာစာအုပ်နှင့် ဘောပင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ မြို့နယ်လက်ထောက် ဆရာဝန်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

စာပန်းခင်းစာကြည့်တိုက်အဆောက်အအုံသစ် ကွမ်းခြံကုန်းမြို့နယ် ဆူးကလပ်ကျေးရွာ၌ဖွင့်

ရန်ကုန် ဧပြီ ၆

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ဆူးကလပ်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူထည့်ဝင်လှူဒါန်းငွေတို့ဖြင့် တည်ဆောက်ခဲ့သည့် ငွေကျပ် ၁၇သိန်းကျော်တန် စာပန်းခင်းစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၃၀ရက် နံနက် ၉နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးသက်ဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မန်းတိုင်းချစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ရှိန်မြင့်မားရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ ရန်ပုံငွေရရှိအောင် ဆောင်ရွက်ရေးကိစ္စများကို အကျယ်တဝင့် ဆွေးနွေးပြီး စာပန်းခင်းစာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်၊ စာစောင်သုတ ရသမျိုးစုံအုပ် ၁၅၀ ကို ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

ကောလင်း၌ ဆေးရုံတိုးချဲ့ဆောင်ဖွင့်

ကောလင်း ဧပြီ ၆

ကောလင်းမြို့ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ မိခင်နှင့်ကလေး ကျန်းမာရေးဌာန တိုးချဲ့ဆောက်လုပ်သော သားဖွားမိခင် နားနေဆောင်ဖွင့်ပွဲနှင့် အလှူရှင်များအားဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၈ရက်က ဆေးရုံဝင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်တက်ရောက် အမှာစကားပြောကြားသည်။ (၀၃၂)

သံအမတ်ကြီး ဦးသန်းဆွေ သံအမတ်ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် ဧပြီ ၇

ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန်းဆွေသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၀ခုနှစ် မတ် ၁၈ရက်တွင် ဟာဗားနားမြို့၌ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီနှင့် ဝန်ကြီးများအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စဂလာဒီစ်မာရီယာ ဘောဟာရာနီပေါ်တီးလာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ခရိုင်ချင်းဆက် လမ်းသစ်ဖွင့်

(၆၅)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ခရိုင်ချင်းဆက် အမှတ်(၂) ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမ-ကျွဲခြံကျေးရွာလမ်းသစ်မုခ်ဦး၌ မတ် ၂၃ရက်ကကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ ဆက်)

မကွေးဆရာတော်ကြီး၏ အန္တိမစျာပနပူဇော်ပွဲသို့ သွားရောက်နိုင်ရန်အတွက် အထူးလေယာဉ်ခရီးစဉ် ပြေးဆွဲမည်

နေပြည်တော် ဧပြီ ၆

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ အန္တိမစျာပန စံကျောင်းချ အခမ်းအနားကို ဧပြီ ၁၁ရက်တွင်လည်းကောင်း၊ အန္တိမစျာပန သာဓုကီဠနပူဇာ အခမ်းအနားကို ဧပြီ ၁၂ရက်တွင်လည်းကောင်း၊ ဓာတုပဝါဟနပူဇာ အခမ်းအနားကို ဧပြီ ၁၃ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ရာ အန္တိမစျာပနပူဇာအခမ်းအနားများသို့ ကြွရောက်မည့် သံဃာတော်များ၊ ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများ အဆင်ပြေချောမွေ့စွာ သွားရောက်နိုင်ကြစေရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းက မကွေးမြို့သို့ အောက်ပါခရီးစဉ်များဖြင့် အထူးလေယာဉ် ပြေးဆွဲရန် စီစဉ်ထားကြောင်းနှင့် လိုက်ပါလိုသူများ တစ်ရက်ကြိုတင်လက်မှတ်ဝယ်ယူ၍ လိုက်ပါနိုင်ကြောင်း သတင်းရရှိသည်-

နေ့ရက်	ခရီးစဉ်	ထွက်ခွာချိန်	ဆိုက်ရောက်ချိန်
၁၀-၄-၂၀၁၀	ရန်ကုန်-မကွေး	၀၇း၀၀	၀၈း၀၅
	မကွေး-မန္တလေး	၀၈း၂၅	၀၉း၀၅
	မန္တလေး-မကွေး	၁၄း၂၅	၁၅း၀၅
	မကွေး-ရန်ကုန်	၁၅း၂၅	၁၆း၃၀
၁၁-၄-၂၀၁၀	ရန်ကုန်-မကွေး	၀၇း၀၀	၀၈း၀၅
	မကွေး-မန္တလေး	၀၈း၂၅	၀၉း၀၅
	မန္တလေး-မကွေး	၁၅း၀၅	၁၅း၄၅
	မကွေး-ရန်ကုန်	၁၆း၀၅	၁၇း၁၀
၁၂-၄-၂၀၁၀	ရန်ကုန်-မကွေး	၀၇း၀၀	၀၇း၅၀
	မကွေး-မန္တလေး	၀၈း၂၀	၀၈း၅၅
	မန္တလေး-မကွေး	၁၂း၀၅	၁၂း၄၀
	မကွေး-ရန်ကုန်	၁၃း၀၀	၁၄း၀၀
၁၃-၄-၂၀၁၀	ရန်ကုန်-မကွေး	၀၇း၀၀	၀၈း၀၅
	မကွေး-မန္တလေး	၀၈း၂၅	၀၉း၀၅
	မန္တလေး-မကွေး	၁၃း၁၅	၁၃း၅၅
	မကွေး-ရန်ကုန်	၁၄း၁၅	၁၅း၂၀

(သတင်းစဉ်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးအစီရင်ခံစာ ပြုစုရေးအတွက် အဖွဲ့အစည်းများနှင့်ဆက်ဆံရေးအဖွဲ့နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းဆွေးနွေး

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံ လူ့အခွင့်အရေး အစီရင်ခံစာကို ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလတွင် တင်သွင်းရန်အတွက် မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့အောက်ရှိ မြန်မာနိုင်ငံ လူ့အခွင့်အရေးအစီရင်ခံစာ ပြုစုရေးသွင်းရန် ဖွဲ့စည်းထားရှိသော အဖွဲ့အစည်းများနှင့် ဆက်ဆံရေးအဖွဲ့နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဧပြီ ၅ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန မဟော်သဓာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အစည်းအဝေးတွင် အဖွဲ့အစည်းများနှင့် ဆက်ဆံရေးအဖွဲ့ဥက္ကဋ္ဌ သံအမတ်ကြီး ဦးကျော်တင့်ဆွေ(အငြိမ်းစား) **(ယာပုံ)**က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၌ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ပြည်သူများ၏ လူ့အခွင့်အရေး ခံစားနိုင်ရန်အတွက် အပြုသဘောလုပ်ဆောင်မှုများ၊ အောင်မြင်မှုများမည်သို့ ဆောင်ရွက်နိုင်ခဲ့သည်ကို အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ အချက်အလက်များ ရယူနိုင်ရန် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေး အစီရင်ခံစာနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ဖြေကြားရှင်းလင်း

ထို့နောက် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ သိရှိလိုသည့် အချက်များကို အဖွဲ့အစည်းများနှင့် ဆက်ဆံရေးအဖွဲ့ ဥက္ကဋ္ဌက ဖြေကြားရှင်းလင်းပြီး အစည်းအဝေးကို ရုပ်သိမ်းသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ အစိုးရမဟုတ်သော အဖွဲ့အစည်း(၁၇)ဖွဲ့၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း (၈)ဖွဲ့တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ် ထွက်ရှိ

ရန်ကုန် ဧပြီ ၆

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၄)တွင် ပြည်သူ့လွှတ်တော်အဆောက်အအုံများ မကြာမီအပြီးသတ်မည်၊ ၂၀၁၀ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့်အဖွဲ့များနှင့် ယင်းတို့၏ သဘောထားအမြင်များ၊ ဝန်ကြီးချုပ်ဦးနု၏သမီး ဒေါ်သန်းသန်းနု(အထွေထွေအတွင်းရေးမှူးချုပ်) ဒီမိုကရက်တစ်ပါတီ(မြန်မာပြည်)နှင့်တွေ့ဆုံခြင်း၊ ညီညွတ်သော ဒီမိုကရက်တစ်ပါတီမှ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်နှင့်တွေ့ဆုံခြင်း၊ အမျိုးသားနိုင်ငံရေးအင်အားစု (ရှိုင်ပြည်နယ်) ဥက္ကဋ္ဌ ဦးအေးကြိုင်နှင့်တွေ့ဆုံခြင်းနှင့် အပတ်စဉ်ပါနေကျဖြစ်သော Political Times အထူးအချပ်ပိုအပါအဝင် ပြည်တွင်းနိုင်ငံရေး သတင်းများဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ၂၀၁၀သင်္ကြန် ဘယ်မှာရေအစိုဆုံးဖြစ်မလဲ မျက်နှာဖုံးသုံးသပ်သင်္ကြန်အထူးဆောင်းပါး၊ သင်္ကြန်အထူးသတင်းများအပါအဝင် ရန်ကုန်မြစ်အတွင်း နစ်မြုပ်ခဲ့သော ဓမ္မစေတီခေါင်းလောင်းကြီးကို ဩစတြေးလျပညာရှင်များနှင့် ပြန်လည်ပူးပေါင်းရှာဖွေနေ၊ ငွေကျပ် ၁၅သိန်းတန် CDMA ကမ်းရိုးတန်းဖုန်းများ ငွေကျပ် ငါးသိန်းဖြင့် နယ်မြို့များတွင် ချထားပေး၊ လမ်းမှာကားပျက်လို့မပူနဲ့ မိုဘိုင်းလ်ကားဝပ်ရှော့လာတော့မည်၊ ရိုးရာသင်္ကြန်ကို ဘယ်လိုဆင်နွှဲမလဲ Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ သင်္ကြန်နှင့်ရိုးရာယဉ်ကျေးမှု၊ ကျွန်တော်အိမ်ထောင်ပြုဖို့ လုံးဝ အစီအစဉ်မရှိသေးပါဘူး စိုင်းစိုင်းခမ်းလှိုင်နှင့် လိုတိုဇျူးစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

နိုင်ငံရေးသမားများ၏ ဇနီးသည်တို့ လူထုစိတ်ဝင်စားဖွယ် လုပ်ဆောင်ခြင်းကခင်ပွန်းအပေါ် အကျိုးသက်ရောက်စေသလား၊ စင်ကာပူအစိုးရက နိုင်ငံခြားသားများ၏ သားသမီးများ ပညာသင်ကြားနိုင်ရန် ကျောင်းသုံးကျောင်းခွင့်ပြု၊ စင်ကာပူတွင် ပထမဆုံးတီထွင်သည့်ဂြိုဟ်တု မကြာမီလွှတ်တင်မည်၊ လန်ဒန်တွင် အသက်(၁၅)နှစ်အရွယ်ကျောင်းသားတစ်ဦးအား ဆယ်ကျော်သက်လူငယ်တစ်စုက ဓားဖြင့် ထိုးသတ်မှုဖြစ်ပွားမှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့က ဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ ***(သတင်းစဉ်)***

တောင်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာဖွယ်

နေပြည်တော် ဧပြီ ၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ဝ.ဒသမ ၁၁လက်မနှင့် မချမ်းဘောမြို့တွင် ဝ.ဒသမ ဝ၈လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ ၇ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အင်းစိန်မြို့ တိရစ္ဆာန်ဆေးကုသိပ္ပံ နှစ်(၁၂၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် ဧပြီ ၆

၁၈၉၀ပြည့်နှစ်တွင် စတင်ထုတ်ဝေခဲ့သည့် တိရစ္ဆာန်ဆေးကုသိပ္ပံအမှတ်တရမဂ္ဂဇင်းကို ၂၀၁၀ခုနှစ် နိုဝင်ဘာတွင် နှစ်(၁၂၀)ပြည့် အထိမ်းအမှတ်မဂ္ဂဇင်းအဖြစ် ထုတ်ဝေမည်ဖြစ်ရာ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာစာမူများ၊ မှတ်တမ်းဝင်ဓာတ်ပုံများကို ၂၀၁၀ခုနှစ် ဇွန်လနောက်ဆုံးထား၍ ဦးအောင်သန်းမြင့် ဖုန်း-၀၉-၇၃-၀၁၄၃၁၈၊ ဦးရှောင်စိန် ဖုန်း-၀၁-၆၄၀၇၆၆၊ ဦးထွန်းလှိုင် ဖုန်း-၀၉-၅၁-၆၂၂၄၈၊ ဦးအောင်စိုး ဖုန်း-၀၉-၅၀-၆၄၀၂၉နှင့် ၀၁-၅၄၅၁၃၅ တို့ထံ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနှစ်သစ်ကို ကြိုဆိုသောအားဖြင့် ပါရမီသွေးလှူရှင်များအသင်း စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဧပြီ ၆

မြန်မာနှစ်သစ်ကို ကြိုဆိုသောအားဖြင့် နေပြည်တော်လယ်ဝေး ပါရမီသွေးလှူရှင်များအသင်းက သတ္တမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဧပြီ ၄ရက် နံနက် ၉နာရီက နေပြည်တော် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကျင်းပသည်။

ကူညီဆောင်ရွက်

သွေးလှူဒါန်းပွဲကို နေပြည်တော်လယ်ဝေး ပါရမီသွေးလှူရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးတင်စိုးနှင့် အလုပ်အမှုဆောင်များ၊ တပ်မတော်ဆေးရုံကြီး ရောဂါဗေဒဌာနမှူးနှင့် သွေးလှူဘဏ်မှ တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးကြပ်၍ ကူညီဆောင်ရွက်ပေးကြသည်။

လှူဒါန်း

အဆိုပါ သွေးလှူဒါန်းပွဲသို့ နေပြည်တော်လယ်ဝေး ပါရမီသွေးလှူရှင်များအသင်းမှ သွေးလှူရှင် ၂၂ဦးက သွေးလှူဒါန်းမှုပြုခဲ့ပြီး အဆိုပါ သွေးလှူဒါန်းမှုကိုလည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

7-4 (06).pmd 1 4/7/2010, 2:12 AM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကော့ကရိတ်-မြဝတီလမ်းပိုင်းတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂ရက် နံနက် စနာရီခွဲက ဘားအံ-ကော့ကရိတ်-မြဝတီလမ်း၏ ကော့ကရိတ်-မြဝတီလမ်းပိုင်း၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် လမ်းပိုင်းတစ်လျှောက် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် ကော့ကရိတ်-မြဝတီ လမ်းပိုင်းရှိ မိုင်တိုင်အမှတ်(၈၂)မှ (၈၃) အကြား တောင်ပေါ်လမ်းကွေ့အား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ကော့ကရိတ်-မြဝတီလမ်းပိုင်းတစ်လျှောက် လမ်းပြုပြင်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဧပြီ ၃ရက် မွန်းလွဲပိုင်းက ကော့ကရိတ်-နဘူး-ပိုင်ကျုံလမ်းပိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဘားအံခရိုင် ပိုင်ကျုံမြို့နယ်သို့ရောက်ရှိကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ မှာကြားကာ ဌာနဆိုင်ရာများအတွက် စားသောက်ကုန်များနှင့် DTH အမျိုးအစား ရုပ်မြင်သံကြားဖမ်းစက်တို့ကို ပေးအပ်သည်။

ဆက်လက်၍ ပိုင်ကျုံမြို့နယ် တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်လူနာများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ကာ တိုက်နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဧပြီ ၄ရက် နံနက်ပိုင်းက ဘားအံခရိုင် ကမမောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံပြီး ဌာနဆိုင်ရာများအတွက် စားသောက်ကုန်များနှင့် DTH အမျိုးအစား ရုပ်မြင်သံကြားဖမ်းစက်တို့ကို ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ကမမောင်းမြို့နယ် တိုက်နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား လက်ဆောင်ပစ္စည်းများပေးအပ်ကာ ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ကမမောင်းမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့်မြို့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက် လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၆

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသောပါတီ၏ အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက် လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ခုနှစ် ဧပြီ (၆)ရက်တွင် အောက်ပါအတိုင်း လာရောက်လျှောက်ထားခဲ့ကြကြောင်း သတင်းရရှိသည် -

(က) မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ
(ခ) ခေတ်သစ်ပြည်သူ့ပါတီ

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဂွမြို့နယ် သံတွဲသစ်ထုတ်လုပ်ရေးဒေသ ဒေါင်းချောင်းသစ်ဆိပ်အတွင်း သစ်လုံးများထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

ဧရာဝတီတိုင်းနှင့်ရခိုင်ပြည်နယ်အတွင်း သစ်တောလုပ်ငန်းများ
သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်စစ်ဆေး

နေပြည်တော် ဧပြီ ၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ၃ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ရေကြည်မြို့နယ် သီတာကုန်းပြင်ရှိ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၁၀၆) သစ်စက်၌ သစ်ခွဲစိတ်လည်ပတ်မှု အဆင့်ဆင့်၊ ခွဲစိတ်ပြီး သစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ရေကြည်မြို့နယ် မာလာကွင်းသစ်ဆိပ်၌ သစ်လုံးများ စနစ်တကျထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရခိုင်ပြည်နယ် ဂွမြို့နယ် သစ်တောစိုက်ခင်းစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ သက်ဆိုင်ရာ တာဝန်ရှိသူက ၂၀၀၆ ခုနှစ် ပျဉ်းကတိုး စိုက်ခင်း ဧက ၁၅၀၊ ကျွန်းစိုက်ခင်းဧက ၅၀၊ ၂၀၀၇ ခုနှစ် ကျွန်းစိုက်ခင်းဧက ၁၀၀၊ ပျဉ်းကတိုး စိုက်ခင်း ဧက၁၀၀ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဂွမြို့နယ်သံတွဲသစ်ထုတ်လုပ်ရေးဒေသ ဒေါင်းချောင်း သစ်ဆိပ် ရှင်းလင်းဆောင်၌ သစ်ဆိပ် တာဝန်ခံ သစ်အုပ်ကြီးက သစ်ဆိပ်သို့ သစ်လုံးများ ရောက်ရှိမှုအခြေအနေနှင့် ဒဂုံတင်းဘား ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းအောင်က သစ်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက သစ်လုံးများစနစ်တကျ မှတ်တမ်းတင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဧပြီ၄ရက် နံနက်ပိုင်းတွင် ဂွမြို့နယ် ညောင်ချောင်းကျေးရွာ ကျေးလက်အိမ်ရာ ထူထောင်ရေး၊ ကျေးရွာပိုင်စိုက်ခင်း၌ ရခိုင်ပြည်နယ်သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မြတ်သိန်းက ၂၀၀၉ခုနှစ် ယူကလစ်စိုက်ခင်း အပင်၃၀၂၀၊ ကျွန်း၄၅၃ပင် စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးသည် ညနေပိုင်းတွင် သံတွဲမြို့ အမှတ်(၆၈) သစ်စက်၌ သစ်ခွဲစိတ်လည်ပတ်မှု အဆင့်ဆင့်၊ ခွဲစိတ်ပြီးသစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သံတွဲမြို့ ရခိုင်ပြည်နယ် သစ်ထုတ်လုပ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ဝန်ထမ်းများအားတွေ့ဆုံ၍ ဌာနရည်မှန်းချက် တာဝန်များအောင်မြင်အောင် ဆောင်ရွက်ရေးဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **သမထဉာဏ်နှင့် ဝိပဿနာဉာဏ်** တရားတော် (မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၃)
၈:၃၀ Sports World
၈:၅၅ ခါသကြိန်အဆိုအက
၉:၁၀ လက်ဆင့်ကမ်းအမွေ
၉:၂၅ Activities in the City -တောင်ဒဂုံနိုကာယ် စာသင်တိုက်မှ ကလေးအထူးတရားပွဲ -ဟံသာဝတီလမ်းလေးလမ်းသွား ကွန်ကရစ်လမ်းဖွင့်ပွဲ
၉:၄၀ အားကစားမြင်ကွင်းစုံ
၁၀:၂၀ မြို့ပြကျန်းမာရေး (ဒေါက်တာခင်မောင်လွင်)
၁၀:၅၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်အောင်မိုး)
၁၁:၂၀ Industrial Talk [ဒေါ်အုံးရီ၊ ဒေါ်မြင့်မြင့်ရီ၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၁:၅၀ **ပျော်ရွှင်ကျန်းမာသန့်စင်သော အစာ** ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၁:၅၅ Ecotourism ဆွဲဆောင်ဖို့ သဘာဝကို ထိန်းသိမ်းစို့ **ဖိုးကျားဆင်စခန်း** (အပိုင်း-၂)
၁၂:၀၅ ဓာတ်ပုံထဲမှ အမှတ်တရများ (နီနီဝင်းရွှေ၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၁၂:၄၀ ခါသကြိန်အဆိုအက
၁:၀၀ **သမထဉာဏ်နှင့် ဝိပဿနာဉာဏ်** တရားတော် (မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (ကလေးဖြစ်တာကောင်းတယ်၊ လူကြီးဖြစ်တာကောင်းတယ်)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၃)
၄:၀၀ ခါသကြိန်အဆိုအက
၄:၂၀ Activities in the City -တောင်ဒဂုံနိုကာယ် စာသင်တိုက်မှ ကလေးအထူးတရားပွဲ -ဟံသာဝတီလမ်းလေးလမ်းသွား ကွန်ကရစ်လမ်းဖွင့်ပွဲ
၄:၃၅ လက်ဆင့်ကမ်းအမွေ
၄:၅၅ ဗီဒီယိုပြခန်း
၅:၁၅ နွယ်ငြိမ်းရဲ့ သင်္ဂီတ.... မြန်မာ့အလှ
၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ (နီနီဝင်းရွှေ၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၆:၅၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Estilo Fancy Shop)
၇:၀၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်အောင်မိုး)
၇:၃၀ ဈေးဝယ်လမ်းညွှန် (ENTIR)
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (ကလေးဖြစ်တာကောင်းတယ်၊ လူကြီးဖြစ်တာကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၃)
၁၀:၀၀ သီချင်းကောင်းကောင်းသီချင်းတောင်း
၁၀:၂၅ ဈေးဝယ်လမ်းညွှန် (ENTIR)
၁၀:၅၀ ဗီဒီယိုပြခန်း
၁၁:၀၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Estilo Fancy Shop)
၁၁:၂၀ Industiral Talk
၁၁:၄၅ စပါးမှ ဆန်အသွင် မြောင်းမြခရိုင်၏ ဂုဏ်အင်
၁၁:၅၅ ဖန်တီးသူ၏ ပညာစွမ်းမှသည်.... လှပသော ဘဝများဆီသို့
၁၂:၂၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

မျက်မမြင် စစ်တုရင်ကစားသမား သမီးငယ်

ကိုသစ္စာ - ရေးသားသည်

အိန္ဒိယနိုင်ငံ အန်ဒရာပရာဒေ့ရှ် ပြည်နယ်မှ အသက်ရှစ်နှစ်အရွယ်သမီးငယ် လက်ချ်မီးသည် မွေးရာပါ မျက်မမြင် ကလေးငယ်တစ်ဦးဖြစ်သည်။ လက်ချ်မီးသည် အသက်လေးနှစ်အရွယ်မှ စတင်ကာ စစ်တုရင်ကစားနည်းကို ကျွမ်းကျင်စွာ ကစားနိုင်သူတစ်ဦး ဖြစ်လာခဲ့သည်။

ယှဉ်ပြိုင်အနိုင်ယူ

၂၀၀၂ခုနှစ်နှင့် ၂၀၀၅ခုနှစ် တို့တွင် ပြည်နယ်အလိုက် စစ်တုရင်ချန်ပီယံ ဖြစ်ခဲ့ပြီး ပြိုင်ဘက်များကို အချိန်တိုအတွင်း ယှဉ်ပြိုင် အနိုင်ယူခဲ့သူတစ်ဦးဖြစ်သည်။ စစ်တုရင် ကစားရာတွင် ပြိုင်ဘက်ကို အာရုံထဲ ရောက်ရှိအောင် ခံစားကာ ယှဉ်ပြိုင်သူဖြစ်သည်။

စစ်တုရင် ယှဉ်ပြိုင်ရာတွင် ပြိုင်ဘက်အပေါ် အမြန်ဆုံးပွဲသိမ်းနိုင်ခဲ့သူလည်းဖြစ်သည်။ စစ်တုရင်ကျွမ်းကျင်သူဖြစ်ပြီး ယှဉ်ပြိုင်သူများကိုလည်း အမြဲတမ်း အနိုင်ရကြောင်း သိရသည်။ စစ်တုရင် ကစားရာတွင် စိတ်ပိုင်းဆိုင်ရာအာရုံဖြင့် ခံစားမှုကို အလေးထား၍ ကစားကွက်များအပေါ် အာရုံပြုကာ ယှဉ်ပြိုင်လေ့ရှိပြီး ကမ္ဘာ့အသက်အငယ်ဆုံး မျက်မမြင်စစ်တုရင်ကစားသမားဖြစ်သည်။

(အင်တာနက်)

● *ကျောဖုံးမှ*

ယခုတော့ တစ်ကြိမ်တစ်ခါမှ ရောက်ရှိဖူးခြင်းမရှိသော ကဇွန်းတောင့်ရွာကလေးကို ရောက်ရှိရတော့မည်ဖြစ်၍ ဝမ်းသာပီတိဖြစ်နေမိသည်။ ခရီးသွားဝါသနာပါသော စာရေးသူအဖို့ ဒေသန္တရ ဗဟုသုတများစွာရရှိတော့မည်။ အတွေးဖြင့်ပင် ရင်၌ပီတိဖြစ်နေမိသည်။

"ဒေဝူး" ကားနီနီမြင့်မြင့်ကြီးသည် ကံတော်တောရဖြတ်လမ်းမှ ဂန့်ဂေါ-ထီးလင်း-ကျောက်ထု-မင်းတပ်သွား ကားလမ်းပေါ်ကို ရောက်ရှိချိန်တွင် အရှိန်ဖြင့်မောင်းနေတော့သည်။ ကားပေါ်တွင်ကား ကဇွန်းတောင့် ရွာသူ ရွာသားများဖြင့် ပြည့်ညပ်နေလေသည်။အမျိုးသားဆို၍ စာရေးသူနှင့် အဘိုးကြီးတစ်ယောက်၊ လူငယ်တစ်ဦးသာပါသည်။

ဝမ်းမြောက်ဝမ်းသာ

အတက်အဆင်း အကွေ့အကောက်များလှသော ဂန့်ဂေါ-ထီးလင်း-ကျောက်ထု-မင်းတပ် ကားလမ်းသည် လမ်းကြမ်းအဆင့်သာရှိသေးသည်။ မကြာမီအဆင့်မြှင့်တင်ခြင်း ပြုလုပ်မည်ဟု သိရသည်။ မြေမျက်နှာပြင် ညီညာဖြောင့်တန်းမှုမရှိသော ဤဒေသ၌ယခုကဲ့သို့ လမ်းဖောက်ပေးနိုင်မှုကပင် ဒေသခံပြည်သူများအဖို့ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပြီဖြစ်သည်။

ဒေဝူးကား မြင့်မြင့်နီနီကြီးသည် နာရီဝက်ကြာ မောင်းနှင်ပြီးနောက် မကြာမီလမ်းချိုးတစ်ခုထဲသို့ ကွေ့ဝင်လိုက်သည်။ လမ်းချိုးထောင့်တွင် ကား "မြစ်သာတာတမံသို့" ဟူသော လမ်းညွှန်မြေစိုက်ပိုစတာကြီး တစ်ခုနှင့် "ကဇွန်းတောင့်ရွာသို့" ဟူသော လမ်းညွှန်ဆိုင်းဘုတ်တစ်ခုကို တွေ့ရသည်။ ဪ...ကဇွန်းတောင့်ရွာကလေးနှင့် မြစ်သာတာတမံသို့ရောက်ရှိတော့မှာပါလားဟု အတွေးစိတ်ဖြင့် ရောက်ဖို့ အမြန်ရောက်လိုဇော ဖြစ်မိသည်။

လမ်းသည် ပို၍ပို၍ ကြမ်းလာ၏။ ကားကြီးသည် တောင်ပေါ်တောင်ရိုး အတိုင်း အားကုန်ရုန်း၍ တက်နေလေသည်။ ၁၅မိနစ်ခန့်အကြာ မောင်းနှင်ပြီးနောက်တွင်ကား မောချောင်းတံတားကြီးနှင့် ကဇွန်းတောင့်ရွာကလေးကို လှမ်းမြင်နေရသည်။ မကြာမီ ကဇွန်းတောင့်ကျေးရွာမှ လှိုက်လှဲစွာ ကြိုဆိုပါ၏ ဆိုသော ဆိုင်းဘုတ်ကလေးကို တွေ့ရသည်။ ထိုဆိုင်းဘုတ်၏ ညာဘက်ကို ကားကွေ့ဝင်သွားပြီး မောချောင်းတံတားပေါ် ဖြတ်ကာ ကဇွန်းတောင့်ရွာရှိ လက်ဖက်ရည်ဆိုင်ရှေ့တွင်ထိုးရပ်သွားလေသည်။

စာရေးသူသည် ကဇွန်းတောင့်ရွာ၌ ဖွင့်လှစ်ထားသော စာကြည့်တိုက်ကို တွေ့ရ၍ ဓာတ်ပုံရိုက်ယူပြီး မိတ်ဆွေဖြစ်သူ တူးလေးအိမ်သို့ သွားခဲ့သည်။ အိမ်ရောက်တော့ နံနက်၈နာရီထိုးနေပြီ၊ မြစ်သာတာတမံသို့ ဆက်ထွက်ခဲ့ကြ၏။ တူးလေးဆိုင်ကယ်နောက်က စာရေးသူ တက်ထိုင်လိုက်ခဲ့သည်။

ဆိုင်ကယ်သည် ကဇွန်းတောင့်ရွာကလေးမှ အနောက်မြောက်ထောင့်ရှိ ပနန်းရွာသို့ ရောက်ရှိပြီး ဆက်၍ ထွက်လာကြရာ မကြာမီ မြစ်သာတာတမံတာရိုးပေါ်သို့ ရောက်ရှိလာသည်။ မြစ်သာတာတမံကို တစ်နံတစ်လျား မြင်တွေ့လိုက်ရသည်။ တမံအပေါ် ဆိုင်ကယ်စီးလာခဲ့ရာ တစ်နာရီကြာ ဖြတ်ကျော်ခဲ့ရသည်။ မကြာမီ မြစ်သာချောင်းကျဉ်းကို တွေ့ရသည်။ ကျွန်တော်တို့ ကလေးနယ်တွင် အကျယ် ပေ ၂၀၀ခန့်ရှိသော မြစ်သာမြစ်ပြင်ကျယ်သည် ယခု တာတမံပိတ်မည့်နေရာ၌ ချောင်းကျဉ်းကလေးဖြစ်နေပြီး ပေ ၄၀၊ ပေ၅၀ခန့်လောက်သာ ကျယ်တော့သည်။ အနည်းငယ်ခန်းစပြုနေသော မြစ်သာရေကား ကြည်၍စိမ်းနေလေသည်။

စိတ်အေးချမ်း

တာတမံပိတ်မည့် မြစ်သာချောင်းရိုးတစ်လျှောက် လှေ့လာပြီး တာတမံအောက်က ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုကြသည်။ ဓာတ်ပုံရိုက်ကြသည်။ ပြီးနောက် ဝန်ထမ်းအိမ်ရာနှင့် ရှင်းလင်းဆောင်ရှိရာသို့ ပြန်လှည့်လာခဲ့သည်။ ဝန်ထမ်းတစ်ဦးက "မြစ်သာရေလှောင်တမံစီမံကိန်း" လက်ကမ်းစာစောင်လေးကို စာရေးသူထံပေးသည်။ မြစ်သာတာတမံ တာရိုးရှည်ကြီးကို ဓာတ်ပုံအကြိမ်ကြိမ်ရိုက်ယူ၍ လှည့်ပြန်ခဲ့သည်။ မြစ်သာရေလှောင်တမံ စီမံကိန်းကို တွေ့မြင်ရသည်မှာ စိတ်အေးချမ်းမြေ့စရာပင်ဖြစ်သည်။

ဧက ၁၂၀၀၀ကို ရေပေးနိုင်

မြစ်သာတာတမံကား ကုန်းကြောတမံကြီးပြီးနေပြီ။ ရေထုတ်မြောင်းကြီးလည်း ပြီးနေပြီ။ ရေထုတ်မြောင်းတံတားလည်းပြီးနေပြီ။ မြစ်သာမြစ်ကိုပိတ်၍ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ဖို့သာလိုတော့သည်။ စီမံကိန်း၏ တစ်ဝက်ကျော်ကျော် ပြီးစီးနေပြီဖြစ်သည်။ ၂၀၁၁-၂၀၁၂ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ မြစ်သာတာတမံမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ထုတ်ပေးမည်။ ဆည်ရေဧက ၁၂၀၀၀ကို ရေပေးနိုင်မည်။

ဤသို့ဖြင့် ဒေသအတွင်း စိုက်ပျိုးရေဖူလုံမှုကြောင့် သီးနှံဝေဖြိုးကာ အလှတိုးပေဦးတော့မည်။ မြစ်သာတာတမံမှာ မြန်မာနိုင်ငံ၌ အရှည်ဆုံးသော တာတမံဟုသိရသည်။ တာတမံအလျားအရှည်ပေ ၂၈၇၅၀ ရှိသည့် ကုန်းကြောတမံမှာ ပေ၂၇၄၅၀ရှိပြီး ပင်မတမံသည် ပေ၂၃၀၀ ရှိသည်။ တာတမံထိပ်အမြင့်မှာ RL ပေ ၁၀၃၀၊ ကန်ရေပြည့် အမှတ်-RL ပေ၁၀၁၀၊ ကန်ရေအမှတ်-RL ၉၃၂ပေ ရှိပြီး၊ ကန်ရေပြည့်ရေလှောင် ပမာဏမှာ ဧကပေ ၃၇၇၆၀၀ ရှိသည်။ ကန်ရေသေရေလှောင်ပမာဏမှာ ဧကပေ၇၀၈၀၀ ရှိပြီး၊ ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာမှာ ၅၇၈၈ဧက ရှိသည်။ မြစ်သာရေလှောင်တမံ၏ ရေလွှဲမြောင်း အလျားမှာ ပေ ၁၄၃၀၀ ရှိပြီး အကျယ်ပေ ၁၀၀ရှိသည်။ ရေပိုလွှဲ အမျိုးအစားမှာ သံကူကွန်ကရစ် (Duck Bill Type) ဖြစ်ပြီး အကျယ်ပေ၁၀၄၀ ရှိသည်။ ရေအားလျှပ်စစ် ရေထုတ်ပြွန်မှာ အချင်း၁၉ပေရှိသည်။

ပြီးစီးလု

မြစ်သာတာတမံမှာ မြေသားတမံ (ဇုန်အမျိုးအစား)ဖြစ်ပြီး တမံအမြင့်၂၀၅ပေ ရှိသည် နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ဧကပေ ၁၃၁၀၀၀၀ရှိပြီး ရေဆင်းဧရိယာ စတုရန်းမိုင် ၇၀၀ ကျယ်ဝန်းသည်။နှစ်စဉ်ပျမ်းမျှ မိုးရေချိန်လက်မ ၇၀ရှိသည့် မြစ်သာမြစ်ပေါ်တွင် တည်ဆောက်ထားသော ရေလှောင်တမံဖြစ်သည်။ မြစ်သာရေလှောင်တမံသည် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြင်သာရွာအနီး၌ တည်ရှိသည်။ စာရေးသူနှင့်တူးလေးသည် ကျယ်ဝန်းရှည်လျားသော မြစ်သာတာတမံကြီးကို ဆိုင်ကယ်စီး၍ လှည့်ပတ်ကြည့်ရှုကြသည်။ ဓာတ်ပုံမှတ်တမ်းတင်ကြသည်။ ယောနယ်က ကြီးမားရှည်လျားသော ရေလှောင်တမံကြီးဖြစ်ပါ၏။ ဤမျှကြီးမားရှည်လျားမည်ဟုမထင်ခဲ့။ ကိုယ်တိုင်မြင်တွေ့ရသဖြင့် အံ့သြရသည်။ ထင်ထားသည်ထက် ကြီးမားနေသည်။ ပြီးစီးလုပြုနေပေပြီ။

လှိုင်လှိုင်ပွင့်လန်း

မကြာမီ ဤတာတမံမှ ယောနယ်တစ်ခွင်ရေပေးဝေတော့မည်။လျှပ်စစ်မီးတွေ ထိန်ထိန်ညီးပေတော့မည်။ တောတောင်တွေကြားက ကဇွန်းတောင့်ရွာလေးသာမက ယောနယ်တစ်ခွင်လုံး ဖွံ့ဖြိုးသာယာ တိုးတက်လာတော့မည်။ ဒေသဖွံ့ဖြိုးရေးကို စည်ဝေအောင်ဖြည့်ဆည်းပေးမည့် မြစ်သာရေလှောင်တမံကား ဒေသခံတို့၏အပြုံးပန်းကို လှိုင်လှိုင်ပွင့်လန်းစေမည်မှာအမှန်ပင်။ ။

(မြန်မာ့အလင်း)



ယောနယ်သားတို့၏ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ရေးကိုသယ်ပိုးမည့် အရှည်ပေ ၂၃၀ရှိ မြစ်သာရေလှောင်တမံ ရေလွှဲမြောင်းတံတား။

တမံအလျားပေ ၂၈၇၅၀ရှိသော မြစ်သာရေလှောင်တမံ၏ ပေ ၂၇၄၅၀ရှိ ကုန်းကြောတမံကြီးကို ဤသို့ ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်ထားသည်။

Star Resources Hospitality Management Academy ဟိုတယ်သင်တန်းကျောင်း ဟိုတယ်ဝန်ဆောင်မှုပညာရပ်ဆိုင်ရာသင်တန်းများ ဆင်းပွဲတွင် မန်နေဂျင်းဒါရိုက်တာ ဒေါ်နေရည်အောင် သင်တန်းသား တစ်ဦးအား သင်တန်းဆင်းလက်မှတ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဟိုတယ်ဝန်ဆောင်မှု ပညာရပ်ဆိုင်ရာ သင်တန်းများဆင်းပွဲ

ရန်ကုန် ဧပြီ ၆

Star Resources Hospitality Management Academy ဟိုတယ်သင်တန်းကျောင်း၏ ဟိုတယ်ဝန်ဆောင်မှုပညာရပ်ဆိုင်ရာသင်တန်းများဆင်းပွဲကို ဧပြီ၂ရက် နံနက်၁၀နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် Star Resources Hospitality Management Academy သင်တန်းကျောင်းမှ Managing Director ဒေါ်နေရည်အောင်က အမှာစကားပြောကြားသည်။

ချီးမြှင့်

အဆိုပါ သင်တန်းဆင်းပွဲတွင် Receptionist & Flight Attendant Course - 2009 နှစ်တန်း၊ International Bakery & Pastry Course - 2009 သုံးတန်း၊ International Culinary Course-2009 လေးတန်း၊ SOP Course for Hotel & Cruise Staff - 2009 ခုနစ်တန်း၊ Wine & Cocktail Course - 2009 နှစ်တန်း၊ English for Hotel & Cruise Staff-2009 ခြောက်တန်း စသည့် သင်တန်းများမှ သင်တန်းသား ၁၅၀ခန့်အား သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်တန်းနည်းပြများက သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၄-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၀ ၈။ **ညှော်မယ်ဗို့**
၈:၂၅ ၉။ ခါသကြာန်အဆိုအကများ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ ခါသကြာန်အဆိုအကများ
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ရတနာပုံ F.C နှင့် Southern Myanmar F.C)
၅:၀၀ ၂။ သီချင်းကြီးပဒေသာ
၅:၀၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၂၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၂၅ ၅။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၃၅ ၆။ ခါသကြာန်အဆို အကများ
၅:၄၅ ၇။ ပရီမီယာ သီချင်းဆိုပြိုင်ပွဲ
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၁၅ ၉။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၀။ **မြန်မာ့ခလေ့ ရိုးရာလက်ဖွဲ့**
၆:၄၀ ၁၁။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၀၅ ၁၂။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇:၄၀ ၁၃။ ဝတ်မှုန်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၃၃)
၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **အရှက်ခြွေ နွေတဲ့လား အပူသစ် အချစ်တဲ့လား** ခန့်စည်သူ၊ ခိုင်သင်းကြည်၊ မြတ်ကေသီအောင် (ဒါရိုက်တာ-မောင်နန္ဒ)
၁၉။ အစီအစဉ်ပြီး၏။

သင်္ကြန်ကာလအတွင်း ကုန်ရထားများ တိုးချဲ့ပြေးဆွဲပေးမည်

နေပြည်တော် ဧပြီ ၆

မြန်မာ့မီးရထားက သင်္ကြန်ကာလ ကုန်ဈေးနှုန်းထိန်းသိမ်းမှုကို အထောက်အကူပြုရန်အတွက် သင်္ကြန်ကာလ အထူးကုန်ရထားများကို တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။ ကုန်တင်ဆောင်လိုသူများအနေဖြင့် ရန်ကုန်-မန္တလေး လမ်းပိုင်းအတွက် ရန်ကုန်မြို့ရှိ စက်ဆန်းကုန်ရုံ၊ ဗိုလ်တထောင်ကုန်ရုံနှင့် ဝါးတန်းကုန်ရုံ၊ မန္တလေးမြို့ရှိ မြို့ဟောင်းကုန်ရုံတို့တွင်လည်းကောင်း၊ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းအတွက် မန္တလေးမြို့ရှိ မြို့ဟောင်းကုန်ရုံနှင့် မြစ်ကြီးနားဘူတာတို့တွင်လည်းကောင်း ဆက်သွယ်၍ ကုန်များတင်ဆောင်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရှေးဟောင်းရွှေထည်ပစ္စည်းများ လာရောက်အပ်နှံမှုအတွက် ဆုကြေးငွေများ ထိုက်တန်စွာချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၄)ရပ်ကွက် ၅၄လမ်း အမှတ် ၆၃နေ ဦးဉာဏအောင်က အပ်နှံသော ရှေးဟောင်းရွှေထည်ပစ္စည်းများနှင့် ဧရာဝတီမြစ်ကူးတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်မှ တွေ့ရှိရသော ကုန်းဘောင်ခေတ်ရွှေကြိုး(အပိုင်း ခြောက်ပိုင်း) လာရောက် အပ်နှံမှုအတွက် ဆုကြေးငွေ ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (ရန်ကုန်)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ ဆုကြေးငွေများချီးမြှင့်သည်။

ကာကွယ်ထိန်းသိမ်း

အခမ်းအနားတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက ရှေးဟောင်းပစ္စည်းများ ဆုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ ယခုကဲ့သို့ ရှေးဟောင်း ရွှေထည်ပစ္စည်းများ တာဝန်သိစွာ လာရောက်အပ်နှံခဲ့မှု အတွက် ကျေးဇူးတင်ရှိကြောင်း၊ ဦးဉာဏအောင် လာရောက်အပ်နှံသော ရွှေထည်ပစ္စည်းများသည် ပျူခေတ် ပုတီးစေ့များ၊ အင်းဝခေတ် ရွှေလက်ကောက်နှင့် ရတနာပုံခေတ် ရွှေထည် ပစ္စည်းများဖြစ်၍ နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ဧရာဝတီမြစ်ကူးတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်မှ ဦးတင်ရွှေ လာရောက် အပ်နှံသော ပစ္စည်းများမှာလည်းကုန်းဘောင်ခေတ် ရွှေစလွယ်ကြိုးများဖြစ်ရာ သမိုင်းတန်ဖိုး ကြီးမားပြီး ယဉ်ကျေးမှုသမိုင်း အနေဖြင့်လည်းအဆက်အစပ်ရှိသော အထောက်အထားတစ်ရပ်ဖြစ်ကြောင်း၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို လာရောက်အပ်နှံပါက ရှေးဟောင်းပစ္စည်းများ၏ မူလတန်ဖိုးပေါ်တွင် ခေတ်ကာလတန်ဖိုးနှင့် လက်ရာတန်ဖိုးများ ထပ်ဆောင်းလျက် ယဉ်ကျေးမှုဝန်ကြီးဌာနက ထိုက်တန်စွာ ဆုကြေးငွေ ချီးမြှင့်လျက်ရှိကြောင်း၊ ယင်းသို့ အပ်နှံကြစေရန်လည်း အသိပညာပေးလျက်ရှိကြောင်း၊ ထို့အပြင် တည်ဆဲဥပဒေအရ ကာကွယ်ထိန်းသိမ်းခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်က ပျူခေတ်ပုတီးစေ့များ၊ အင်းဝခေတ် ရွှေလက်ကောက်နှင့် ရတနာပုံခေတ် ရွှေထည်ပစ္စည်းများ စုစုပေါင်း ရွှေအလေးချိန် ၅၈ ဒသမ ၃၈၈ဂရမ်ကို အပ်နှံသော ဦးဉာဏအောင်အား ဆုကြေးငွေစုစုပေါင်း ၄၁၈၄၈၅၁ ကျပ်နှင့် ကုန်းဘောင်ခေတ်လက်ရာ ရွှေကြိုး (အပိုင်းခြောက်ပိုင်း)စုစုပေါင်း ရွှေအလေးချိန် ၁၃၃ ဒသမ ၄၀ ဂရမ်ကို အပ်နှံသော ဦးတင်ရွှေအား ဆုကြေးငွေ စုစုပေါင်း ၉၃၁၂၆၇၅ ကျပ်တို့ကို ပေးအပ်ချီးမြှင့်သည်။

တာဝန်သိစွာ

ယင်းနောက် ဆုကြေးငွေ ချီးမြှင့်ခံရသူများကိုယ်စား ဧရာဝတီမြစ်ကူးတံတား (မလွန်)တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်မှ ဦးတင်ရွှေက ရှေးဟောင်းပစ္စည်းများကို ကိုယ်တိုင်တွေ့ရှိအပ်နှံခဲ့မှုနှင့် ယခုကဲ့သို့ နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် မိမိတို့ကလည်း ရှေးဟောင်း ပစ္စည်းများ တွေ့ရှိပါက နိုင်ငံတော်သို့ တာဝန်သိစွာ လာရောက်အပ်နှံကြရန် ထပ်ဆင့်အသိပေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထိန်းသိမ်းစောင့်ရှောက်

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန အနေဖြင့် ယဉ်ကျေးမှုအမွေအနှစ် ဒေသများနှင့် အထိမ်းအမှတ် အဆောက်အအုံများကို ယဉ်ကျေးမှုအမွေအနှစ် ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ် ဝတ္ထုပစ္စည်းများကို ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေဖြင့်လည်းကောင်း ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုကြေးငွေပေးအပ်ချီးမြှင့်

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ကုန်းဘောင်ခေတ်လက်ရာ ရွှေကြိုး (အပိုင်း ခြောက်ပိုင်း) အပ်နှံသော ဦးတင်ရွှေအား ဆုကြေးငွေ ပေးအပ်ချီးမြှင့်စဉ်။ (ယဉ်ကျေးမှု)

ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လာရောက်အပ်နှံသည့် ကုန်းဘောင်ခေတ်လက်ရာ ရွှေကြိုး (အပိုင်း ခြောက်ပိုင်း)ကို တွေ့ရစဉ်။ (သတင်းစဉ်)



ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လာရောက်အပ်နှံသည့် ပျူခေတ်ပုတီးစေ့များ၊ အင်းဝခေတ်ရွှေလက်ကောက်နှင့် ရတနာပုံခေတ် ရွှေထည်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ယာဉ်အန္တရာယ်ကင်းရှင်းရေး မော်လမြိုင်ကျွန်း၌ ရက်တိုသင်တန်းဆင်း

မော်လမြိုင်ကျွန်း ဧပြီ ၆

ဧရာဝတီတိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော မော်တော်ဆိုင်ကယ်မောင်းနှင်သူများအတွက် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သတိပြုလိုက်နာဖွယ် ရက်တိုသင်တန်း (၉/၂၀၁၀)ကို ဧပြီ ၃ရက် နံနက် ၁၀နာရီက မော်လမြိုင်ကျွန်းမြို့ ညောင်တုန်းကျောင်းသစ် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဟောပြော

သင်တန်းတွင် တိုင်းကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်မောင်းစစ်ဆေးရေးမှူး ဦးသိန်းဌေးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးနိုးနိုးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သတိပြုလိုက်နာဖွယ်များနှင့် မော်တော်ဆိုင်ကယ်များ အကွာရာပြောင်း ယာဉ်စစ်ဆေးခြင်းနှင့် သက်တမ်းတိုးပေးခြင်း လုပ်ငန်းများကို ရှင်းလင်းဟောပြောကြသည်။

ထို့အပြင် ယာဉ်အန္တရာယ်ကင်းရှင်းရေး ရက်တိုသင်တန်းကို ဧပြီ ၃ရက်မှ ၅ရက်အထိ သင်ကြားပို့ချခဲ့ပြီး မော်တော်ဆိုင်ကယ်မောင်းသူ ၃၀၀ခန့် သင်တန်းတက်ရောက်ကြပြီး မော်တော်ဆိုင်ကယ်အကွာရာပြောင်း ယာဉ်စစ်ဆေးခြင်းနှင့် သက်တမ်းတိုးခြင်းလုပ်ငန်းများကို စနစ်တကျ စိစစ်ဆောင်ရွက်ပေးကြသည်။

(၁၄၂)

နေပြည်တော်၌ တီအီး(၂၁)ယာဉ်ပေါ်တွင် လိုက်ပါလာသူတစ်ဦး ယာဉ်ပေါ်မှပြုတ်ကျ သေဆုံး

နေပြည်တော် ဧပြီ ၆

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်အနီး အဆင့်မြင့်ဈေးလမ်းပေါ်၌ မတ် ၃၀ရက် ညနေ ၄နာရီခွဲခန့်တွင် လမ်းလယ်ကျွန်းရှိ ပန်းပင်များကို ရေဖျန်းနေသည့် တီအီး(၂၁)ယာဉ်၏ ရေတိုင်ကီပေါ်၌ လိုက်ပါလာသူတစ်ဦး ယာဉ်ပေါ်မှပြုတ်ကျပြီး ဆေးရုံသို့တင်ပို့စဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးသွားခဲ့ကြောင်း၊ ယာဉ်မောင်းအား ပေါ့လျော့မှုကြောင့် လူသေမှုဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ ချင်းပြည်နယ် ဖလမ်းမြို့နယ် မွန်ထားရွာအနီး၌ မတ် ၃၁ရက် ညနေ ၅နာရီခန့်တွင် ရိဒ်မှ ဖလမ်းမြို့သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်သည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေကျွံပြီး လမ်းယာဘက်ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ရာ ယာဉ်ပေါ်၌လိုက်ပါလာသည့် ခရီးသည် ၁၂ဦးအနက် တစ်ဦးသေဆုံးပြီး ကျန်၁၁ဦး (မစိုးရိမ်ရ) ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ယာဉ်မောင်းအား အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာအဆင့် အစားအစာ ချက်ပြုတ်ပြင်ဆင်နည်း သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၆

ပြည်တွင်း ပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူ တစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာ ချက်ပြုတ် ပြင်ဆင်နည်းသင်တန်း) နှင့် International Bakery & Pastry Course (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဧပြီလပထမအပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

Institute of Hospitality (UK) နှင့် Institute of AH&LA (USA) က သတ်မှတ်ထားသော Course Guide Line များနှင့်အညီ English Course ကိုပါ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ ဆရာမများ ကိုယ်တိုင် တတ်မြောက် ကျွမ်းကျင်အောင် အထောက်အကူပြု ပစ္စည်းအစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ကူညီ ပေးသွားမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်း

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ အနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၂၅၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀-၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်သည်။ **(သတင်းစဉ်)**

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ခုနှစ် ဆဋ္ဌမအကြိမ်မြောက် စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော်၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၄ရက် ညနေပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ကျိုက္ကဆံကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်က တစ်ဦးချင်း စွန်ဖြတ် ပြိုင်ပွဲ၌ ပထမရရှိသော သန်းထိုက် [ဒဂုံမြို့သစ်(တောင်ပိုင်း)]၊ ဒုတိယရရှိသောမြင့်မောင် [ဒဂုံမြို့သစ်(တောင်ပိုင်း)]နှင့် တတိယရရှိသော ဇော်ဝင်း(စမ်းချောင်း)တို့အား လည်းကောင်း၊ မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူး ကျော်ဆန်း(ငြိမ်း)က အသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော မင်းရဲကျော်စွာအသင်း၊ ဒုတိယရရှိသော မန္တလေးအသင်းနှင့် တတိယရရှိသော Rain Bow အသင်းတို့အား လည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က မန္တလေးအသင်းအား တံခွန်စိုက် ဆုဖလားကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်ကြိုဆို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၁၃၂)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၆

မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲကို ကြိုဆိုလျက် နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၁၃၂)ကို ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ဌေးကြည်(စလင်း)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ တိုးဝေ၊ မောင်နီမြင့်၊ မင်းနွယ်အောင်(စုံနံ့သာမြိုင်)၊ ပုသိမ်မောင်ကြေးရည်၊ ချမ်းမြဆောင်း (ကလော)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ နေလွင်၊ စောယင်ယင် (မိုးညှင်း)တို့၏ အဖွင့်ကဗျာများ၊ မြင့်သိန်းအောင်၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ တက္ကသိုလ်တင်ခ၊ သာနိုင်အောင်(ကျိုက်မရော)၊ ဒေါက်တာလှဖေ၊ မောင်အောင်မြင်(မိတ္ထီလာ)၊ ကျော်ဇောဟိန်း (ဒေါပုံ)၊ ရွှေနေမင်း (အနုပညာအမြုတေရပ်ဝန်း)၊ ရွှေကြော့တင်(မြင်းမူ)၊ မောင်သာမန် (ဇီးကုန်း)၊ လေးလေးဆန်း၊ မောင်ကြည်သစ်ဦး၊ စစ်ကိုင်းစိမ်းစိမ်း၊ တက္ကသိုလ်သျှင်သီရိ၊ ကျော်(စက်မှု)၊ မြန်မာ့အသံသိန်းဟန်၊ အောင်ဇင်၊ ခင်မောင်မြင့် (ရွှေဆယ်မြေ)၊ မြတ်ဦး၊ တက္ကသိုလ်စိုးယဉ်၊ မြတ်ဘုန်း(တပ်ကုန်း)၊ မောင်ကျေးဇူး၊ စေတနာလှိုင်(ရေစကြို)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ ထွေးကြည် (သလ္လာဝတီ)၊ ဝေလွင်မြင့်မောင်၊ မော်ကျွန်းရဲခိုင်၊ ကိုဇော်ဝင်း(လှတော)၊ သားထက်(တိုက်ကြီး)၊ သန်လျင်ချမ်းမြအောင်၊ ကြည်လှ၊ အောင်ချစ်စိုး (လသာ)၊ ခိုင်ယဉ်မွန်(ဝိဇ္ဇာ-သိပ္ပံ)၊ ရွှေကိုဦး၊ စောဟန်၊ မောင်တင်ယု၊ မောင်နေမွန်၊ ဇွဲနေ၊ ကချင်မြေငှက်ခါး၊ မင်းသက်ခိုင်(ဝက်လာ)၊ မင်းပြား-ငွေထွန်း၊ ဟသ်ာတ မောင်မျိုးသက်၊ မြေလတ်ညိုလင်း၊ မင်းနိုင်လေး-လမ်းမတော်၊ မေသက်နွယ်ဦး၊ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)၊ ရာမြင့် (ပခုက္ကူ)၊ နတ်မောက်ကြည်မြိုင်၊ မောင်နေပူ (တောင်ကုတ်)၊ လှကွန်းနိုင် (ရွှေမြင်တင်)၊ မြင်းမိုရ်ဆွေ၊ စိုးကိုကို(လေးမျက်နှာ)၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊ ဇာနည်၊ မြတ်နိုးဦး(စာပေဗိမာန်)၊ မြသီတာသန်းတင်(ဇီးကုန်း)၊ ကြည်မျိုးထက်(ဒိုက်ဦး)၊ ကိုကိုအောင်(မြကန်သာ)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာပန်းရုံရိပ်၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ရုပ်ရှင်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံတကာမြင်ကွင်း သတင်းကဏ္ဍ၊ ဖွံ့ဖြိုးဝေစည် နိုင်ငံ့ဂုဏ်ရည်ကဏ္ဍ အစရှိသည်တို့ကဏ္ဍစုံ၊ သုတရသစုံလင်စွာ တင်ဆက်ထားပါသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁)၊ ၅၂၉/၅၃၁၊ စာပေဗိမာန်အဆောက်အအုံ၊ ကုန်သည်လမ်း၊ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂)၊ သစ္စာလမ်း၊ ရန်ကင်း၊ ဆရာအတတ်သင်ရှေ့ ဖုန်း-၇၂၅၅၃၀နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ၂၀၁၀ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော်၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲတွင် မန္တလေး အသင်းအား တံခွန်စိုက် ဆုဖလားကို ပေးအပ်ချီးမြှင့်စဉ်။
(ရိုးရာအားကစား)

ယူကလစ်နှင့် သဘာဝဝန်းကျင်

မောင်စိမ်းလန်း (သစ်တော)

နိုင်ငံအတွင်းရှိ ကျေးလက်ပြည်သူများ၏ အိမ်ရာထူထောင်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လိုအပ်သည့် တိုင်၊ မျော၊ ထင်းများ လွယ်ကူအဆင်ပြေစွာ ရရှိနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ကျေးလက်အိမ်ရာ ထူထောင်ရေးအတွက် ယူကလစ်သစ်မျိုးများအား ပျိုးထောင်စိုက်ပျိုးခဲ့ပါသည်။ အဆိုပါလုပ်ငန်းကို ၂၀၀၈ ခုနှစ် မိုးရာသီမှစ၍ ပြည်နယ်နှင့်တိုင်း ခုနစ်ခုတွင် အိမ်ခြံဝင်းများနှင့် ရွာနီးချုပ်စပ် မြေလွတ်များ၌ စိုက်ပျိုးခဲ့ရာမှ ၂၀၀၉ ခုနှစ် မိုးရာသီတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး ၂၀၁၀ခုနှစ် မိုးရာသီတွင်လည်း ဆက်လက်စိုက်ပျိုး တည်ထောင်သွားရန် စီမံဆောင်ရွက်လျက်ရှိသည်။

ကျေးလက်အိမ်ရာ ထူထောင်ရေးလုပ်ငန်းအတွက် ယူကလစ်သစ်မျိုးကို ရွေးချယ်ခြင်းသည် ယူကလစ်သစ်မျိုး၏ အကြီးမြန်ခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ခြင်း၊ ခုတ်လှဲပြီးနောက် ငုတ်တက်ပေါက် မျိုးဆက်မှုကောင်းမွန်ခြင်း၊ မြေအမျိုးအစားညံ့သည့်တိုင် ရှင်သန်ကြီးထွားနိုင်ခြင်း၊ မိမိသုံးအတွက်သာမက စက်မှုကုန်ကြမ်းအဖြစ်ပါ အသုံးပြုနိုင်ခြင်း၊ နိုင်ငံတကာဈေးကွက်ဝင်သည့် တန်ဖိုးရှိသည့် သစ်မျိုးဖြစ်ခြင်းနှင့် မြေဆီလွှာအားလည်း တိုးတက်ဖွံ့ဖြိုးစေနိုင်ပြီး အမြဲတမ်းစိမ်းလန်းသည့်အရွက်များကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုသာမက စိမ်းလန်းစိုပြည်သည့် သာယာလှပသော ပတ်ဝန်းကျင်ကိုလည်း ရရှိခံစားနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ယူကလစ်သစ်မျိုးများ၏ မူရင်းဒေသမှာ ဩစတြေးလျတိုက်ဖြစ်ပါသည်။ ယူကလစ်သစ်မျိုးသည် ပူပြင်းခြောက်သွေ့သောဒေသမှ အပူပိုင်း တောင်ပေါ်ကုန်းမြင့်ဒေသများအထိ ကျယ်ကျယ်ပြန့်ပြန့် ရှင်သန်ပေါက်ရောက်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၂၁ ခုနှစ်မှ စတင်၍ ယူကလစ်သစ်မျိုးစိတ် ခုနစ်မျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ပြီး ခြောက်သွေ့သော ရာသီဥတုနှင့် မြေညံ့တွင် ရှင်သန်ပေါက်ရောက်နိုင်သော Eucalyptus Camaldulensis က မာဂျူလန်းစစ်ယူကလစ်ကို ၁၉၇၀ ခုနှစ်မှ စတင်၍ ကျယ်ပြန့်စွာ စိုက်ပျိုးခဲ့ပါသည်။ ၁၉၇၈ခုနှစ်တွင် အအေးပိုင်းကုန်းမြင့်ဒေသများ၌ အောင်မြင်ဖြစ်ထွန်းခဲ့သော Eucalyptus grandis ဂရင်းဒစ်ယူကလစ်ကိုပါ စိုက်ပျိုးခဲ့ပါသည်။ ဒေသခံများအတွက် လယ်ယာသုံး၊ အိမ်သုံးသစ်ရရှိခြင်း၊ စက်မှုကုန်ကြမ်းအဖြစ် အသုံးဝင်ခြင်းတို့ကြောင့် အကျိုးပြုနိုင်သော သစ်မျိုးအဖြစ် ထင်ရှားပါသည်။ သို့သော် နောက်ပိုင်းတွင် ယူကလစ်ပင်များ စိုက်ပျိုးခြင်းကြောင့် မြေဆီလွှာတိုက်စားခြင်းနှင့် မြေအောက်မှ ရေနှင့်အာဟာရဓာတ် အလွန်အကျွံကုန်ခန်းခြင်း ဖြစ်ပေါ်စေပြီး ပတ်ဝန်းကျင်ရှိ အပင်များနှင့် သဘာဝဝန်းကျင်ကို ထိခိုက်မှုရှိသည်ဟု ယူဆချက်ဖြင့် ယူကလစ်ပင်များ စိုက်သင့်/မစိုက်သင့် အငြင်းပွားကြပြီး ယူကလစ်စိုက်ပျိုးမှုမှာလည်း ရပ်တန့်ခဲ့ရပါသည်။

ယူကလစ်ပင်သည် အကြီးမြန်သစ်မျိုးဖြစ်၍ စိုက်ပျိုးစအချိန်မှာပင် ရေနှင့် အာဟာရဓာတ်ကို အတော်အတန် လိုအပ်ခြင်းဖြစ်ပါသည်။ ရေနှင့် အာဟာရဓာတ်ရရှိရေးအတွက် မြေအောက်သို့ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်နိုင်ခြင်းကြောင့် ဇီဝကမ္မဖြစ်စဉ် မြန်ဆန်စွာဖြင့် အရွယ်ရောက်နိုင်ခြင်း ဖြစ်ပါသည်။ ၁၉၉၁ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ လေ့လာတွေ့ရှိချက်များအရ ယူကလစ်ပင်၏ ရေစုပ်ယူမှုမှာ ၎င်းရှင်သန်ပေါက်ရောက်ရာဒေသမှ အခြားသစ်မျိုးဖြစ်သော အော်ရေးရှား၊ ကုက္ကိုတို့ထက် ပိုမိုခြင်းမရှိကြောင်း သိရှိရပါသည်။ မြေဆီလွှာတန်ဖိုး ကျဆင်းနေသော တောပျက်များနှင့် မြေညံ့များတွင် အသုံးဝင်သောသစ်ပင်များ အလျင်အမြန် ဖြစ်ထွန်းအောင်မြင်လာခြင်းကြောင့် မြေအမျိုးအစား ပိုမိုကောင်းမွန်လာပြီး မြေတန်ဖိုး ပိုမိုတိုးတက်လာခြင်းသာ ဖြစ်ပါသည်။ တရုတ်နိုင်ငံတွင် သက်တမ်း(၁၆)နှစ်ခန့်ရှိသော ယူကလစ်စိုက်ခင်းကို စူးစမ်းလေ့လာမှုများပြုလုပ်ခဲ့ရာ စိုက်ခင်းမြေပေါ်တွင် မြေဆီဩဇာ ၁ ဒသမ ၂၈ ရာခိုင်နှုန်းမှ ၃ ဒသမ ၂၅ရာခိုင်နှုန်းအထိ မူလအခြေအနေထက် တိုးတက်လာကြောင်း တွေ့ရှိရပါသည်။ (Zhao Tin gxiangetal., 1990) မြေပေါ်မှသစ်ရွက်ကြွေနှင့် ကိုင်းခြောက်များ အားလုံးနီးပါးကို လောင်စာအဖြစ် ကောက်ယူသုံးစွဲခြင်းကြောင့် မြေဩဇာ တစ်ဖန်ပြန်ဖြစ်နိုင်မည့် သဘာဝအကြွင်းအကျန်များ မရှိတော့ဘဲ မြေဆီလွှာပျက်စီးရခြင်း ဖြစ်ပါသည်။ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားလျှင် သဘာဝဖြစ်စဉ်များအရ မြေဆီဩဇာကိုလည်း အနှောင့်အယှက်ဖြစ်မည် မဟုတ်ပေ။

အထူးသဖြင့် ဇီဝဒြပ်ထု (biomass) ရရှိရန် ရေသုံးစွဲရာတွင် အခြားအပင်များထက် နည်းပါးကြောင်း စမ်းသပ်လေ့လာတွေ့ရှိချက်ကို အောက်ပါအတိုင်း သိရှိနိုင်ပါသည်-

သစ်မျိုးအလိုက် ဇီဝဒြပ်ထု တစ်ယူနစ်အတွက် ရေသုံးစွဲမှု နှိုင်းယှဉ်ချက်

(Water efficiency or consumption of water per unit of biomass)

သစ်မျိုး	သစ်သားတစ်ဂရမ်အတွက် ရေလိုအပ်မှု
ယူကလစ်စပ်မျိုး (Eucalyptus hybrid)	၀.၅၁
ကုက္ကို (Albizzia lebbek)	၀.၅၈
သပြေဖြူ (Syzigium Cuminim)	၀.၆၁
အော်ရေးရှား (Acacia auriculiformis)	၀.၈၆
ကုလားပိတောက် (Dalber gia sissoo)	၈.၈၉
သင်းဝင်ဖြူ (Pon gamia pinnata)	၁.၃၀
ကျွန်း (Tectona Grandis)	၂.၁၀

ယူကလစ်သည် သဘာဝအကာအကွယ်အနေဖြင့်လည်း အသုံးဝင်သည့် သစ်မျိုးဖြစ်သောကြောင့် တရုတ်နိုင်ငံတွင် ကမ်းရိုးတန်းမြစ်ကမ်းပါးများ၌ ယူကလစ်ပင်များကို လေကာတန်းအဖြစ် စိုက်ပျိုးခြင်းဖြင့် တိုင်ဖုန်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုကို ၅၀ ရာခိုင်နှုန်း မှ ၈၀ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်ကြောင်း တွေ့ရှိခဲ့ရသည်။ ထို့အပြင် ခြောက်သွေ့သော ရာသီဥတု၌ပင် လျင်မြန်စွာ ကြီးထွားနိုင်သော အပင်ကြီးမျိုးများဖြစ်သောကြောင့် ကျေးငှက်၊ အင်းဆက်မျိုးစိတ်များ နားခိုနေထိုင်ရာဖြစ်စေ၍ ဇီဝမျိုးစုံမျိုးကွဲများ ပိုမိုစုံလင်လာစေပြီး သဘာဝပတ်ဝန်းကျင်အတွက်လည်း အချိန်ကြာလာသည်နှင့်အမျှ ရေရှည်တွင် အကျိုးရှိစေမည်ဖြစ်သည်။

ယူကလစ်ပင် ရှင်သန်ပေါက်ရောက်ရန်အတွက် ရာသီဥတုနှင့် မြေအမျိုးအစား ကန့်သတ်ချက်နည်းပါးခြင်း၊ အကြီးမြန်၍ သက်ပတ်တိုတောင်းခြင်းကြောင့် အချိန်တိုအတွင်း ထုတ်ယူသုံးစွဲနိုင်ခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ခြင်း၊ သစ်စေ့ပေါများစွာရရှိနိုင်ခြင်း၊ ပျိုးထောင်ရန်လွယ်ကူခြင်း၊ နေရာဒေသမျိုးစုံတွင် ရှင်သန်ပေါက်ရောက်နေထိုင်နိုင်ခြင်း၊ ငုတ်တက်စနစ်ဖြင့် ထုတ်ယူပြီးပြန်လည်စိုက်ပျိုးရန်မလိုဘဲ အပင်သစ်ထပ်မံရရှိနိုင်ခြင်း စသည့် အားသာချက်များကြောင့် စိုက်ပျိုးရန် တွက်ခြေကိုက်သော သစ်မျိုးဖြစ်ပါသည်။ ထုတ်ယူရရှိသောသစ်ကို လယ်ယာသုံး၊ အိမ်သုံးနှင့် စက်မှုကုန်ကြမ်းအမျိုးမျိုးအဖြစ် အသုံးချနိုင်ခြင်း၊ ပျော့ဖတ်နှင့် စက္ကူလုပ်ငန်းအတွက် ကုန်ကြမ်းအဖြစ် အသုံးချနိုင်ခြင်း၊ ယူကလစ်ဆီကိုလည်း ဓာတုကုန်ကြမ်းအဖြစ် လည်းကောင်း၊ ဆေးဖက်ဝင်ပစ္စည်းအဖြစ်လည်းကောင်း ထုတ်ယူသုံးစွဲနိုင်ခြင်းတို့ကြောင့် ဘက်စုံ အလွန်အသုံးဝင်သည့် သစ်မျိုးတစ်မျိုးဖြစ်ပါသည်။

ယူကလစ်သစ်ကို စနစ်တကျအခြောက်ခံပြီး ရေနံချေးကဲ့သို့သော တာရှည်ခံဆေးများဖြင့် သုတ်လိမ်း၍ အသုံးချမည်ဆိုပါက နှစ်ပေါင်း ၂၀ ကျော် အသုံးခံနိုင်ပါသည်။ ထို့ကြောင့် အရင်းအနှီးနည်းနည်းနှင့် အကျိုးအမြတ် တွက်ခြေကိုက်သော သစ်မျိုးဖြစ်ကြောင်းကို လေ့လာတွေ့ရှိရပါသည်။ ဤကဲ့သို့ ဘက်စုံအသုံးဝင်သော ယူကလစ်သစ်မျိုးများကို ကမ္ဘာ့အဝန်းတွင် စိုက်ခင်းများ တည်ထောင်စိုက်ပျိုးပြီး သစ်လုံး၊ စက္ကူပျော့ဖတ်၊ သစ်ပါးလွှာ၊ ပရိဘောဂ စသည်ဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် စီးပွားရေးတွက်ခြေကိုက်သည့်အတွက် ယူကလစ်သစ်မျိုးများကို အာရှနိုင်ငံများအနက် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများတွင် စိုက်ပျိုးထားရှိမှုနှင့် အသုံးပြုပုံကို လေ့လာတွေ့ရှိချက်များအရ အောက်ပါအတိုင်းဖြစ်ပါသည် -

ကမ္ဘောဒီးယားနိုင်ငံ။ ယူကလစ်စိုက်ခင်း ၁၂၃၅၅ ဧကကို အဆင့်အတန်းလျော့ကျနေသော သစ်တောများ (degraded land) တွင် စိုက်ပျိုးထားပါသည်။ စိုက်ပျိုးအသုံးပြုသော သစ်မျိုးများမှာ Eucalyptus camaladulensis, E.pellita, E.urophylla တို့ ဖြစ်ပါသည်။ သစ်အခြေခံစက်ရုံမှ wood chip များကို တစ်နှစ်လျှင် ၁၀၀၀၀၀ မက်ထရစ်တန်အထိ ထုတ်လုပ်နိုင်ကြောင်း သိရှိရပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ။ တရုတ်နိုင်ငံ၏ ပြည်နယ် ၁၈ ခုတွင် ယူကလစ်သစ်မျိုး ၁၀ မျိုးကိုအသုံးပြု၍ စိုက်ခင်း ၄၆၀၀၀၀ ဟက်တာ စိုက်ပျိုးထားပါသည်။ တရုတ်ပြည်တွင် E.pellite ကို ငါးနှစ်သားအရွယ်တွင် ခုတ်ယူ၍ အသုံးပြုပါသည်။ ပြည်ပနိုင်ငံသို့ (wood chip) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၀ ဖြင့် ရောင်းချပြီး သစ်လုံးရောင်းချမှုမှာ တစ်ကုဗမီတာလျှင် အမေရိကန်ဒေါ်လာ ၆၂ဒေါ်လာမှ ၇၄ ဒေါ်လာအထိ ဖြစ်ပါသည်။ အဆောက်အအုံ၊ စက္ကူပျော့ဖတ်၊ သစ်ပါးလွှာ ထုတ်လုပ်ခြင်းနှင့် သစ်လုံးအနေဖြင့်လည်း အသုံးပြုသည်။ ဧည့်ခန်းသုံး၊ ရုံးသုံး ပရိဘောဂများ၊ နံရံကပ်ဗီရိုများနှင့် ဥယျာဉ်သုံးပရိဘောဂများ ပြုလုပ်အသုံးပြုပါသည်။

လာအိုပြည်သူ့သမ္မတနိုင်ငံ။ လာအိုနိုင်ငံ အနိမ့်ပိုင်းဒေသများတွင် သင့်လျော်သော ယူကလစ်မျိုးစိတ်များကို စမ်းသပ်စိုက်ပျိုးခဲ့ပါသည်။ ၁၉၉၀-၉၁ ခုနှစ်တွင် ယူကလစ်ကို စတင်စိုက်ပျိုးခဲ့ရာ ယူကလစ်နှင့် သစ်မာစိုက်ခင်း ၆၅၅၀ ဟက်တာ စိုက်ပျိုးတည်ထောင်ပြီး ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံ။ ဗီယက်နမ်နိုင်ငံတွင် Eucalyptus tereticorni, E. camaladulensis နှင့် E.urophylla မျိုးများကို အနိမ့်ပိုင်းများတွင် လည်းကောင်း၊ E.microcorys နှင့် E.grandis တို့ကိုတောင်ပေါ်ဒေသများတွင်လည်းကောင်း၊ E.exserta ကို ခြောက်သွေ့ပြီး မြေညံ့သော ဒေသများတွင် လည်းကောင်း စိုက်ပျိုးခဲ့ပါသည်။ သစ်၊ စက္ကူပျော့ဖတ်၊ ဆောက်လုပ်ရေးပစ္စည်း၊ ထုပ်ပိုးပစ္စည်း၊ ထင်းလောင်စာအဖြစ် အသုံးပြုရန်နှင့် ပြည်ပသို့တင်ပို့ရန် ယူကလစ်စိုက်ခင်း ဟက်တာ ၃၀၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင်လည်း ထိုကဲ့သို့သော ဘက်စုံအသုံးဝင်သော ယူကလစ်သစ်မျိုးကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် စံပြကျေးလက်အိမ်ရာ သစ်တောစိုက်ခင်း ထူထောင်ရေးစီမံချက်အရ ကျေးရွာပိုင်သစ်တောစိုက်ခင်း တစ်ရွာတစ်ဧက၊ တစ်အိမ်ထောင်ယူကလစ်အပင် ၂၀ နှင့် တစ်အိမ်ထောင်ကျွန်းသုံးပင် စိုက်ပျိုးနိုင်ရေးအား စည်းရုံးအကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ပြည်နယ်နှင့်တိုင်းများတွင် ယူကလစ်စိုက်ပျိုးရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်နေပြီဖြစ်ရာ အောင်မြင်သော ယူကလစ်စိုက်ခင်းများကို မြင်တွေ့လေ့လာနေရပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်းရှိ ပူပြင်းခြောက်သွေ့သော ရာသီဥတုရှိသည့်ဒေသများတွင် E.camaldulensis မျိုးစိတ်ကို စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ တောင်ပေါ် အအေးပိုင်းဒေသများတွင် E.grandis ကို စိုက်ပျိုးခြင်းဖြင့် လည်းကောင်း ဒေသသုံးသစ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပြီး စက်မှုကုန်ကြမ်း၊ ဆေးဝါးနှင့် ဓာတုထုတ်ကုန်ကုန်ကြမ်းများကို ရရှိစေရုံမက မြေဆီလွှာကောင်းမွန်သော သစ်တောမြေများကိုလည်း ပြန်လည်ထူထောင်ပြီးဖြစ်စေပါသည်။ ထို့ကြောင့် အထက်တွင်ဖော်ပြခဲ့ပြီးသော ဂုဏ်သတ္တိထူးများနှင့်ပြည့်စုံသည့် ယူကလစ်သစ်မျိုးကို လူသားတို့၏အသိဉာဏ်ပညာဖြင့် လိုအပ်သလို တီထွင်ကြံဆ၍ စိုက်ပျိုးထုတ်လုပ် သုံးစွဲခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အဖိုးအနဂ္ဃထိုက်တန်လှသော အကျိုးဖြစ်ထွန်းမှုကို ပေးစွမ်းနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နမ့်စန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အဖွဲ့ရန်ပုံငွေနှင့် ပြည်သူများပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဗန္ဓုလလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဆွေဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

သက်ကြီးနဲ့အတွက် ရေစိုခံ SONY TX5 Camera နှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၆

ရန်ကုန်မြို့ TMW ၏ ရုံးခွဲ၌ ဧပြီ ၂ရက်က ရေစိုခံ SONY TX5 Camera နှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပရာ အခမ်းအနားတွင် TMW မှ ဒေါ်လွင်လွင်မြကြ အမှာစကားပြောကြားသည်။

ထူးခြားချက်

ဆက်လက်၍ SONY စင်ကာပူရုံးခွဲမှ တာဝန်ရှိသူတစ်ဦးနှင့် TMW မှ ကိုဇာနည်အောင်တို့က SONY TX5 Camera သည် သက်ကြီးနဲ့အတွက်အမီ ထုတ်လုပ်ပေးသော ရေစိမ်ခံ Camera ဖြစ်ကြောင်း၊ ကမ္ဘာ့အပါးလွှာဆုံးသော Camera ဖြစ်၍ ထူးခြားချက် (၄)ချက်ရှိကြောင်း၊ ယင်းတို့မှာ ရေအောက် ၁ ဒသမ ၅ မီတာအထိ စိတ်ကြိုက်ရိုက်ကူးနိုင်ခြင်း၊ သဲဖုန်ဒဏ်ကို ခံနိုင်ခြင်း၊ အမြင့် လေးပေခွဲအထက်မှ ပြုတ်ကျပါက မပျက်စီးခြင်း၊ အပူချိန် ရေခဲအမှတ်အောက် ၁၀ဒီဂရီအထိ အေးခဲပါကလည်း ပြဿနာ မရှိခြင်းတို့ဖြစ်ကြောင်း ပြောကြား ကြသည်။

ဝယ်ယူနိုင်

ရေစိုခံ Cyber-shot TX5 တွင် High-sensitivity Exmor R CMOS sensor တပ်ဆင်ထားပြီး BIONZ image processor နှင့် High Performance Carl Zeiss lens ပေါင်းစပ်ထားသောကြောင့် ပုံထွက် လွန်စွာကောင်းမွန်ကာ ကြည်လင်ပြတ်သားသော ရုပ်ပုံများကို ဖမ်းယူပေးနိုင်ကြောင်း၊ မြင်ကွင်းကျယ် ရုပ်ပုံများကို အလျားလိုက်ဖြစ်စေ၊ ဒေါင်လိုက်ဖြစ်စေ ရိုက်ကူးရန်အတွက် Intelligent Sweep Panorama Function နှင့် အမှောင်ထဲတွင် ကြည်လင်စွာ ရိုက်ကူးနိုင်ရန် Twinlight and Portrait Function စသည့် Functionများ ပါဝင်ကြောင်း၊ ရေစိုခံ TX5 Camera ကို ငွေကျပ်သုံးသိန်းကိုးသောင်းကိုးထောင်ကျပ်ဖြင့် TMW Enterprise Limited ၏ SONY Showrooms များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

မြန်မာ့အလင်း
အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဧပြီ ၆

ဟားခါးမြို့ ရေကန်တွင် နန်းများဆယ်ယူရှင်းလင်း

(၆၅)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် မတ် ၂၀ ရက်က ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ဟားခါးမြို့ တော်လှန်ရေး ရေကန်တွင် နုန်းမြေများဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင် အရာရှိ ဦးတမ်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ်ပေးကြ သည်။ **(ပြည်နယ် ပြန်/ဆက်)**

ချောင်းသာ-ရွှေသောင်ယံလမ်း ကျောက်ချောခင်း

ရွှေသောင်ယံမြို့ စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ချောင်းသာ-ရွှေသောင်ယံလမ်းအရှည်ပေ၆၁၈၀၊ အကျယ် ၁၂ပေရှိ ကျောက်ချောလမ်းခင်းကျင်းမှုကို မတ် ၆ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးနေမျိုးအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်သက်တို့က လမ်းနှင့်ပတ်သက်သည်များ ရှင်းလင်း တင်ပြကြသည်။ *(တိုင်းစည်ပင်)*

သိန်းနီမြို့ သာယာလှပရေးဆောင်ရွက်

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးလုပ်ငန်း ဖြစ်သော အောင်မင်္ဂလာခန်းမရှေ့ မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို မတ် ၂၀ရက်က ဒုတိယဦးစီးမှူး ဦးအောင်ဖေနှင့်အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

နောင်မွန်ဈေးအတွင်း ဆိုင်ခန်းများဖွင့်လှစ်ရောင်းချမှုစစ်ဆေး

ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်သည် ဖေဖော်ဝါရီ ၂၆ရက်က နောင်မွန်ကျေးလက်စည်ပင်သာယာဈေးအတွင်း ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခ၊ ဈေးကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးသည်။

(မြို့နယ် ပြန်/ဆက်)

မိုးညို၌ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ

ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိုးညိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသော (၆၅)နှစ်မြောက်တပ်မတော်နေ့ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ရက် နံနက်၉နာရီက အဆိုပါမြို့နယ်ရုံးရှေ့၌ ကျင်းပရာ တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ကြီး၌ ယာဉ်နှင့်လမ်းစည်းကမ်းအသိပညာပေးဟောပြော

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး (တောင်ကြီး)ရုံးမှ (စစ်ဆေးရေးမှူး-၂) ဦးဇော်ကိုကိုဖေသည် မတ်၂၂ရက် နံနက်၉နာရီက တောင်ကြီးမြို့ အမှတ်(၆)အခြေခံပညာအထက်တန်း ကျောင်း၌ နွေရာသီ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းပေါင်းစုံ အခြေခံရှေးဦး သူနာ ပြုစုခြင်း(၁/၂၀၁၀)ရက်တိုသင်တန်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများ အသိပညာပေးဟောပြောသည်။ *(ခရိုင် ပြန်/ဆက်)*

မင်းပြားစည်ပင်သာယာ မြို့ဝင်ဆိုင်းဘုတ်ဆောင်ရွက်

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ဝင်ဆိုင်းဘုတ် ဆောင်ရွက် ထားရှိမှုကို ဖေဖော်ဝါရီ ၉ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းအောင်က လုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

ရွှေတောင်၌ ဘဝလမ်းညွှန်စာကြည့်တိုက် ဆောက်လုပ်

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် နိုင်ငံတော်ပံ့ပိုး ငွေဖြင့် ဆောက်လုပ်သည့် ညောင်ဝိုင်းကျေးရွာ ဘဝလမ်းညွှန် စာကြည့်တိုက်ပြီးစီးမှုကို မတ် ၈ရက် နံနက်က ပြည်ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြင့်နှင့် ရွှေတောင်မြို့နယ် ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်တို့ ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။ *(မြို့နယ် ပြန်/ဆက်)*

ရွှေဘို၌ ယာဉ်/လမ်းစည်းကမ်း ပညာပေးဟောပြော

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲနှင့် ယာဉ်မောင်းလိုင်စင် စစ်ဆေးထုတ်ပေးခြင်းအခမ်းအနားကို မတ် ၂၅ရက် နံနက် ၁၀နာရီက ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး၌ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးဗိုလ်ဝင်းနှင့် စစ်ဆေးရေးမှူး(၂) ဦးကျန်ထွန်းတို့က သိမှတ်ဖွယ်ရာယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း များ ပညာပေးဟောပြောသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်တွင်းကြီး၌ သောက်သုံးရေရရှိရေး ဆောင်ရွက်

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သောက်သုံးရေရရှိရေးအတွက် ကြခတ်ကန်အုပ်စု ကြခတ်ကန်ကျေးရွာတွင် အကျယ် ၂လက်မနှင့် အနက် ပေ ၄၀၀ရှိ စက်ရေတွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကုန်ကျငွေကျပ် ၂၆၂၀၀၀၀ဖြင့် ဆောင်ရွက်ပြီးစီးမှုကို မတ် ၁၈ရက်က အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် အင်ဂျင် နီယာမှူး ဦးနိုင်လင်းမောင်တို့ ကွင်းဆင်း စစ်ဆေးသည်။ ။

(မြို့နယ်စည်ပင်)

နိုင်ငံ့ဂုဏ်ဆောင် မြန်မာမြားပစ်အားကစားသမားများအား ဂုဏ်ပြု

ရန်ကုန် ဧပြီ ၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပ ခဲ့သည့် ဒုတိယအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲ တွင် အောင်နိုင်မှု ဆုတံဆိပ်များရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် မြန်မာမြားပစ်အားကစား သမားများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဧပြီ၅ရက် ညဂနာရီက ကရဝိက်နန်းတော်၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အောက်မြန်မာ ပြည်) ဦးနော်တောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ နာယက အဖွဲ့ဝင်များ၊ အာရှမြားပစ်အဖွဲ့ချုပ် နှင့် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ မြန်မာ နိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင့်ဆန်း၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး အာ/ကာ)နှင့် အမှုဆောင်များ၊ အောင်ပွဲရ အားကစား သမားများ တက်ရောက်ကြသည်။

ယှဉ်ပြိုင်မှု

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး မြန်မာ နိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင့်ဆန်း (ACE ဆောက်လုပ်ရေး)က ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်း၍ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ အောင်ပွဲရ မြားပစ်အားကစားသမားများအား ချီးမြှင့် မည့် ဆုကြေးငွေများကို လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ငွေကျပ် ၁၅သိန်း လှူဒါန်းရာ အာရှမြားပစ်အဖွဲ့ချုပ် နှင့် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက လက်ခံ ယူသည်။ ထို့နောက် ဒေါက်တာခင်ရွှေက ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံ မြားပစ်

အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင့်ဆန်းက ငွေကျပ် ၂၆သိန်း ၅သောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဇော်ထွန်းက ငွေကျပ် ၁၉သိန်း၊ အမှုဆောင်ဦးဖြိုးကိုကိုတင့်ဆန်းက ငွေကျပ် ၁၉သိန်းတို့ ပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံယူသည်။ **(အပေါ်ပုံ)**

ထို့နောက် ဂုဏ်ပြုဆုများ ချီးမြှင့်ရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က Mix Team ပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့် အာရှစံချိန်သစ်တင်နိုင်ခဲ့သော ရဲမင်းဆွေနှင့် အောင်ငှိမ်းအတွဲကိုလည်းကောင်း၊ Com- pound အမျိုးသမီးတစ်ဦးချင်းရှုံး/ထွက် ပြိုင်ပွဲမှ ရွှေတစ်ခု၊ အမှတ်ပေးပြိုင်ပွဲမှ ငွေတစ်ခု ဆွတ်ခူးရရှိခဲ့သော အောင်ငှိမ်း ကိုလည်းကောင်း၊ ဂုဏ်ပြုဆုငွေများ ချီးမြှင့် သည်။ ဆက်လက်၍ အားကစားနှင့် ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က Compound တစ်ဦး ချင်းရှုံး/ထွက်ပြိုင်ပွဲမှကြေးဆုရ ရဲမင်းဆွေ၊ Recurve တစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲမှ ကြေးဆုရ ဇော်ဝင်းထိုက်နှင့်အုပ်ချုပ်နည်းပြ အဖွဲ့တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် အာရှနှင့် ကမ္ဘာ့မြားပစ် ထိပ်သီးနိုင်ငံများပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ မြားပစ်အဖွဲ့က ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေး နှစ်ခုဖြင့် နိုင်ငံအလိုက် တတိယနေရာ ရရှိ ခဲ့သည်။ Mix Team ပြိုင်ပွဲတွင် ရွှေဆုရ ရဲမင်းဆွေနှင့် အောင်ငှိမ်းတို့ ပစ်ခတ်ခဲ့သော အကြိုဗိုလ်လုပွဲမှ ရမှတ်မှာ အာရှစံချိန်သစ် တင်နိုင်ခဲ့ပြီး ကြေးဆုရ ဇော်ဝင်းထိုက်မှာ လည်း ကမ္ဘာ့အဆင့် (၂၊ ၃၊ ၄)အဆင့်ရှိ အိန္ဒိယ ကစားသမားကို ဖြတ်ကျော်အနိုင် ရခဲ့ပြီး ပစ်ခတ်ခဲ့သော ရမှတ်မှာလည်း ကမ္ဘာ့အဆင့်မီခဲ့ရာ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး၏ ချီးကျူးမှုကို ခံခဲ့ရပြီး ၂၀၁၂ လန်ဒန် အိုလံပစ်ပြိုင်ပွဲ ဝင်ခွင့်တစ်နေရာအတွက် ထည့်သွင်းစဉ်းစား ပေးမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ဆေးပစ္စည်းနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

မူဆယ် ဧပြီ ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဆေးပစ္စည်းနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၉နာရီက ပြည်သူ့ဆေးရုံခန်းမ၌ကျင်းပရာ မူဆယ်ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဝင်းဇော်က အမှာစကားပြောကြားသည်။ ယင်းနောက် မူဆယ်မြို့ အော်စကာစတိုးပိုင်ရှင် ဦးကိုကိုကြီး-ဒေါ်မျိုးပပမိသားစုက ငွေကျပ် ၁၀သိန်းတန် ဆေးပစ္စည်းများကို လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌက လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ ဆက်လက်ပြီး မူဆယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းမြင့်က မူဆယ်ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ခေတ္တဆေးရုံအုပ် ဒေါက်တာဒယ်နီက လက်ခံယူပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကိုယ်စား အဖွဲ့ဝင်ဒေါ်အေးအေးသွယ်က ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ကလေးအထူးကုဆရာဝန် ဒေါက်တာ ဒေါ်မေမေကြူက လက်ခံယူသည်။ **(ခရိုင် ပြန်/ ဆက်)**

မတ် ၂၅ရက်က ကျိုက်ထိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးသိန်းဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးမျိုးခိုင်၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သန်းနှင့် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများ မြို့နယ်အတွင်း၌ ငါး၊ ပုစွန်၊ ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရာတွင် ဓာတုဗေဒဆေးဝါးများ အသုံးပြုခြင်း ရှိမရှိ စစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

သုမောင်၏ မျိုးရိုးထဲမှ ဆိုးပေကြီးများစာအုပ်နှင့် နေဝင်းမြင့်၏ ရေကန်သာ ကြာတိုင်းအေး စာအုပ်များထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၆

အမျိုးသမီးထုတ်ဝေသူများ၏ စာအုပ် အထူးလျှော့နှုန်း ဈေးရောင်းပွဲကို ဧပြီ ၃ရက်မှ ၇ရက်အထိ အင်းဝစာအုပ်တိုက် အခန်းအမှတ် (၂၀၁/၃၀၁) မြေညီထပ် ပန်းဆိုးတန်းလမ်း(အထက်)၌ ကျင်းပ လျက်ရှိကြောင်း သိရှိရသည်။

ထုတ်ဝေဖြန့်ချိ

စာအုပ်အထူးလျှော့နှုန်း ဈေးရောင်းပွဲ တွင် စိတ်ဝင်စားဖွယ် စာအုပ်မျိုးစုံကို ခင်းကျင်းရောင်းချပေးလျက်ရှိပြီး ယင်းတို့ အနက် စာရေးဆရာ သုမောင်၏ မျိုးရိုးထဲမှ ဆိုးပေကြီးများစာအုပ်နှင့် နေဝင်းမြင့်၏ ရေကန်သာကြာတိုင်းအေး စာအုပ်တို့ကိုလည်း ရောင်းချပေးလျက်ရှိကြောင်း၊ စာရေးဆရာ သုမောင်သည် စာပေ၊ ဂီတနှင့် ရုပ်ရှင်အနုပညာရှင်တစ်ဦးဖြစ်ပြီး သူ၏ ဝတ္ထုတိုကလေး များမှာ ၄င်းအသိုင်းအဝိုင်း၏ ဘဝခလေ့၊ အတွေ့အကြုံများကို ရေးဖွဲ့ထားခြင်းဖြစ် ကြောင်း၊ ထူးခြားသည်မှာ ယင်း၏ဆွေမျိုးစုဝင်တချို့၏ ထူးခြားသောလူမှုရေး လက္ခဏာ ရပ်များကို ပြုံးစရာ၊ ရယ်စရာ၊ ကရုဏာ ဖြစ်စရာ ရေးဖွဲ့ထားပြီး စာရေးဆရာ၏ စာရေးခြင်းအတတ်ပညာကိုပါ ပူးတွဲလေ့လာ ခံစားခွင့်ရနိုင်သော စာအုပ်ကောင်း တစ်အုပ်ဖြစ်ကြောင်း၊ မျိုးရိုးထဲမှ ဆိုးပေကြီးများစာအုပ်ကို ဖွန်ပွင့်စာအုပ်တိုက် ဖုန်း- ၀၉-၅၀-၉၈၆၀၆နှင့် ၀၉-၅၀-၄၃၁၆၄ တို့မှ ထုတ်ဝေ ဖြန့်ချိထားကြောင်း သိရသည်။

နေဝင်းမြင့်၏ စာအုပ်ကို ပုဂံစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိပြီး မူရင်းစာရေး ဆရာ Amitav Ghosh ၏ The Glass Palace ကို ဘာသာပြန်ဆိုထားသော စာအုပ်ဖြစ်ပြီး ရွှေအမြုတေမဂ္ဂဇင်းတွင် လစဉ်ဖော်ပြခဲ့သော အခန်းဆက်ဝတ္ထုရှည်ကြီး ဖြစ်ကြောင်း၊ ယင်းစာအုပ်ကို မှာယူလိုပါက ပုဂံစာအုပ်တိုက် ဖုန်း-၀၉-၅၁-၁၀၀၃၈နှင့် ၅၄၄၃၂၁၀တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပုဆိန်ဖြင့်ရိုက်နှက်၍ ဆိုင်ကယ်လုယူမှု ထားဝယ်၌ ၂၄နာရီအတွင်း ဖမ်းဆီးရမိ

ထားဝယ် ဧပြီ ၆

တနင်္သာရီတိုင်း ထားဝယ်မြို့ ဘုမ္မော် ရပ်ကွက် စောမိညို ဘုန်းကြီးကျောင်းလမ်း နေရာ၌ လောင်းလုံးမြို့နယ် သဘော့ဆိပ် ကျေးရွာနေ (အဖ) ဦးကျော်လွင်၏ သား မောင်ညီညီ(ခ) အောင်သူမျိုး အသက် (၁၉)နှစ်သည် မတ် ၃၀ရက် နံနက် ၃နာရီ ခန့်က လောင်းလုံးမြို့နယ် ပန်းတင်အင်း ရွာနေ (အဖ) ဦးခင်စန်း၏သား မောင်သန့် ဇင်မိုး အသက် (၁၉)နှစ်အား ဆိုင်ကယ်ဖြင့် နေအိမ်သို့ပို့ရန် ပြောဆို ခေါ်ဆောင်ပြီး ၄င်းနေရာတွင် လက်ကိုင်ရိုး ၁၆လက်မ၊ အသွား နှစ်လက်မခွဲ၊ ဗျက် လေးလက်မခွဲရှိ ပုဆိန်ဖြင့် ဦးခေါင်းထိပ်၊ ဦးခေါင်း အနောက်တို့ကို ရိုက်နှက်ခဲ့ရာ ဒဏ်ရာ ၁၁ချက် ရရှိခဲ့သဖြင့် ထားဝယ်ဆေးရုံကြီး တွင် ဆေးကုသမှုခံယူပြီး ဒဏ်ရာမသက် သာ၍ ဧပြီ ၂ရက်က ရန်ကုန်ပြည်သူ့ ဆေးရုံကြီးသို့ ဆေးကုသရန် ပို့ဆောင်ခဲ့ ရသည်။

အဆိုပါပုဆိန်သည်ကြိုတင်ယူဆောင် လာပြီး ဆိုင်ကယ်ကို အရယူရန် ကြံရွယ် ကာ ယူဆောင်သွားခြင်းဖြစ်ကြောင်းနှင့် သန့်ဇင်ဦးပိုင်ဆိုင်သော ဆိုင်ကယ်အမှတ် ထဝ/၅၁၂၈အား အရယူရန် ကြံရွယ်ခြင်း ဖြစ်ကြောင်း သိရသည်။

အမှုဖွင့်ထား

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ထားဝယ် ရဲတပ်ဖွဲ့စခန်းမှ ရဲစခန်းမှူး ရဲအုပ် ချစ်ဦး မောင် ခေါင်းဆောင်၍ နယ်မြေရဲကင်းမှူး များဖြစ်သော ဒုရဲအုပ်သန်းထွန်း၊ ဒုရဲအုပ် သန်းဇော်ဦး၊ ဒုရဲအုပ်ရဲအောင်နှင့် ရဲတပ်ကြပ် လှဌေး၊ ရဲတပ်ကြပ်ကျော်မင်းနိုင်တို့နှင့် ပူးပေါင်းလျက် အချိန်နှင့်တစ်ပြေးညီ ဆက်လက်စုံစမ်းရှာဖွေရာ ယင်းနေ့ မွန်းလွဲ ၁ နာရီ၌ ညီညီ (ခ) အောင်သူမျိုးအား ကျောက်မော်ရပ်ကွက် ဘုန်းကြီးကျောင်း လမ်းတွင် သက်သေခံပစ္စည်း ဆိုင်ကယ်နှင့် အတူ ဖမ်းဆီးရမိပြီး ထားဝယ်ရဲစခန်းမှ ထိရောက်စွာ အရေးယူနိုင်ရန် (ပ) ၁၁၂/ ၂၀၁၀ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆မှ ၃၉၄သို့ ပြောင်းလဲအမှုဖွင့်ထားကြောင်း သိရသည်။ **(၁၈၇)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပရီမီယာလိဂ်ဖလား ဆွတ်ခူးရေးနှင့် အန်ဆယ်လော့တီ

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ ဇင်မင်းသန့်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဧပြီ ၆

ပရီမီယာလိဂ်ပွဲစဉ်(၃၃)အပြီးတွင် တန်းစီဇယားထိပ်၌ ချယ်လ်ဆီးအသင်း ပြန်လည်ဦးဆောင်ထားပြီဖြစ်သည်။ ပရီမီယာလိဂ်လက်ရှိချန်ပီယံ မန်ယူအား ပွဲတူ နှစ်မှတ်အသာဖြင့် ဦးဆောင်နေသည့် အခြေအနေတွင် သတင်းထောက်များက ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်၌ ဗိုလ်စွဲနိုင်မှုအနေအထားအပေါ် နည်းပြအန်ဆယ်လော့တီနှင့် တွေ့ဆုံမေးမြန်းခဲ့မှုကို ဖော်ပြရပါလျှင်-

မေး - ပွဲစဉ်(၃၃)မှာ မန်ယူကိုအနိုင်ရတဲ့အပေါ် ဘယ်လိုမြင်ပါသလဲ။

ဖြေ - မန်ယူဟာ ထိပ်တန်းအသင်းပါ။ အိုးထရက်ဖို့ဒ်မှာ ယှဉ်ပြိုင်ရတဲ့ အဲဒီပွဲဟာ ကျွန်တော့်အတွက် ဒီရာသီမှာတော့ စိတ်အပူပင်ဆုံးပွဲပဲ ဖြစ်ပါတယ်။ ဒီပွဲအနိုင်ရတာဟာ ကျွန်တော်တို့ ကံကောင်းတာလည်း ပါဝင်တယ်။ စိတ်ဓာတ်ပြင်းပြမှုလည်း ပါဝင်ပါတယ်။ ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုက အဓိကပါပဲ။

မေး - အခုပွဲမှာ အနိုင်ရခဲ့တာမို့ ပရီမီယာလိဂ်ဖလား ဆွတ်ခူးဖို့ ပြင်ဆင်နေပြီလား။

ဖြေ - သေချာပေါက် ပြောလို့မရပါဘူး။ အခွင့်အရေးရှိတယ်လို့ပဲ ဆိုချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထိပ်တန်း အသင်းတွေရဲ့ အမှတ်တွေက ပြောလို့ရအောင် ကွာဟမှုမရှိပါဘူး။ ပွဲရလဒ် ပြောင်းသွားတာနဲ့ ရပ်တည်မှုအနေအထားလည်း ပြောင်းသွားမှာပါ။ ဒါကြောင့် တန်းစီဇယားထိပ်ဆုံးနေရာက မပြောင်းလဲအောင် ဆက်ပြီးကြိုးစားနေရမှာပါ။

မေး - ဒီနှစ်ဖလားဟာ ချယ်လ်ဆီးအတွက်ဖြစ်မှာ သေချာတယ်ဆိုတဲ့ စကားသံတွေအပေါ် ဘယ်လိုတုံ့ပြန်လိုပါသလဲ။

နည်းပြအန်ဆယ်လော့တီ

ဖြေ - ကျွန်တော်တို့အသင်း ပရီမီယာလိဂ်ဖလား ရမယ်ဆိုတဲ့ ထင်မြင်မှုတွေကြောင့် ဝမ်းသာပါတယ်။ အခုအချိန်မှာ မန်ယူရော အာဆင်နယ်ပါ အခွင့်အရေးတွေ ရှိနေပါသေးတယ်။ နောက်ပြီး ကျွန်တော်တို့အသင်းလည်း အမှားအယွင်းမရှိအောင် ကြိုးစားရဦးမှာပါ။ ပွဲတိုင်း ရလဒ်ကောင်းဖို့ဆိုတာ ကြိုးစားမှုအပြင် ကံနဲ့လည်းဆိုင်နေပါတယ်။

မေး - ချယ်လ်ဆီးကစားသမားအချို့ ဆက်ဆံရေး အဆင်မပြေမှုတွေရှိတယ်လို့ ပြောနေကြတယ်။

ဖြေ - မရှိပါဘူး။ ကစားသမားတွေ အချင်းချင်း ဆက်ဆံရေးအဆင်မပြေတာ မရှိပါဘူး။ အားလုံး ပရီမီယာလိဂ်ဖလားရရေး တစ်စိတ်တည်းပါပဲ။ ဒီအတွက် စိတ်အားထက်သန်နေပါတယ်။

မေး - ဒီနှစ်မှာ နည်းပြကြီးရဲ့ အသင်း အောင်မြင်မှုကို ဘယ်လောက်အထိ မျှော်မှန်းထားပါသလဲ။

ဖြေ - ဒီနှစ် ဘောလုံးရာသီမှာတော့ ပရီမီယာလိဂ်ဖလားနဲ့ အက်ဖ်အေဖလားပဲပေါ့။ အဲဒီဖလားတွေကို ရအောင်ယူဖို့ ဆုံးဖြတ်ထားပါတယ်။ ကစားသမားတွေလည်း အဲဒီစိတ်ဓာတ်တွေအပြည့် ရှိနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အိပ်မက်ကို အကောင်အထည်ဖော်ဖို့ လက်တစ်ကမ်းပဲ လိုတော့တာမို့ မဖြစ်နိုင်စရာအကြောင်းမရှိလို့ ယုံကြည်နေပါတယ်။

မေး - တကယ်လို့ မျှော်မှန်းတဲ့အတိုင်း မဖြစ်ခဲ့ရင်ကော။

ဖြေ - သေသေချာချာနဲ့ စနစ်တကျ ပြင်ဆင်ယှဉ်ပြိုင်သွားမှာမို့ မဖြစ်နိုင်စရာ မရှိပါဘူး။ ကျွန်တော့်စိတ်ထဲမှာ ယုံကြည်မှု အပြည့်ရှိနေပါတယ် ဟု ချယ်ဆီး နည်းပြ အန်ဆယ်လော့တီက ဖြေကြားသွားပါကြောင်း။ ။ (အင်တာနက်)

ဆိုနီအဲရစ်ဆင် အိုးပင်းတင်းနစ်ပြိုင်ပွဲ အန်ဒီရော့ဒစ်ခ် ဆုဖလားဆွတ်ခူး

မီယာမီ ဧပြီ ၆

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီမြို့၌ ကျင်းပသော ဆိုနီအဲရစ်ဆင် အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားပွဲစဉ် ဗိုလ်လုပွဲ၌ အန်ဒီရော့ဒစ်ခ်သည် ပြိုင်ဘက် တိုမက်စ်ဘာဒိုက်ချ်အား အနိုင်ရရှိကာ ဆိုနီအဲရစ်ဆင် အိုးပင်းတင်းနစ်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ဆွတ်ခူးနိုင်ခဲ့

ကမ္ဘာ့အဆင့် (၆)ရှိ အမေရိကန် တင်းနစ်ကျော် ရော့ဒစ်ခ်သည် ပြိုင်ဘက်

ချက်တင်းနစ်သမား ဘာဒိုက်ချ်အား ၇-၅၊ ၆-၄ ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိကာ ဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုဆုဖလားသည် ရော့ဒစ်ခ်၏ ကစားသမားသက်တမ်းတစ်လျှောက်တွင် ၂၉ခု မြောက်ဆုဖလားဖြစ်ပြီး ၂၀၀၆ခုနှစ် စင်စင်နာတီအိုးပင်းတင်းနစ်ပြိုင်ပွဲပြီးကတည်းက ၎င်း၏ပထမဦးဆုံး မာစတာအဆင့်ဆုဖလားလည်းဖြစ်သည်။ ၂၀၀၄ခုနှစ် ဆိုနီအဲရစ်ဆင် အိုးပင်းတင်းနစ်ချန်ပီယံ ရော့ဒစ်ခ်သည် ယင်းဆုဖလားကို နှစ်ကြိမ်ဆွတ်ခူးနိုင်သည့် ပဉ္စမမြောက်တင်းနစ်သမားလည်း ဖြစ်လာသည်။ (အင်တာနက်)



ချန်ပီယံလိဂ်ကွာတား ဒုတိယအကျော့ ရွန်နေ ပါဝင်ယှဉ်ပြိုင်ကစားနိုင်ဖွယ်ရှိ

လန်ဒန် ဧပြီ ၆

မန်ယူအသင်း၏ အဓိကအားထားရသော တိုက်စစ်မှူး ဝိန်းရွန်နေသည် ဧပြီ ၇ရက် (ယနေ့)တွင် အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့အဖြစ် ဘိုင်ယန်မြူးနစ်အသင်းကို လက်ခံကစားရမည့်ပွဲစဉ်၌ ပြန်လည်ပါဝင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ပါဝင်ကစားနိုင်

ရွန်နေသည် ပြီးခဲ့သည့် မတ် ၃၀ရက်က ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် ဘိုင်ယန်မြူးနစ်အိမ်ကွင်းသို့ သွားရောက်ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်တွင် ခြေချင်းဝတ်အဆစ်လွဲ ဒဏ်ရာရရှိခဲ့ပြီး သုံးပတ်ခန့်အနားယူရမည်ဟု ဆရာဝန်များက ၎င်းအားပြောကြားခဲ့သည်။ သို့သော်လည်း ရွန်နေ၏ဒဏ်ရာမှာ တစ်မုဟုတ်ချင်း လျင်မြန်စွာ သက်သာပျောက်ကင်းခဲ့သည့်အတွက် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့တွင်သာမက ဧပြီ ၁၀ရက်တွင် ဘလက်ဘန်းအိမ်ကွင်းသို့ သွားရောက်ကစားရမည့် ပရီမီယာလိဂ်ပွဲစဉ်မှ စတင်ကာ ပြန်လည်ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း သိရသည်။ (အင်တာနက်)

ဗြိတိသျှလက်ဝှေ့သမား ဒေးဗစ်ဟာရေး ဒဗလျူဘီအေဟဲဗီးဝိတ်သရဖူ ကာကွယ်

မန်ချက်စတာ ဧပြီ ၆

ဗြိတိသျှလက်ဝှေ့သမား ဒေးဗစ်ဟာရေးသည် ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့တွင် စိန်ခေါ်သူ ပြိုင်ဘက်အမေရိကန်လက်ဝှေ့သမား ဂျွန်ရူးအစ်ဇ်အား ကိုးချီ၌ အနိုင်ထိုးသတ်ကာ ၎င်း၏ဒဗလျူဘီအေဟဲဗီးဝိတ်သရဖူကို ကာကွယ်နိုင်ခဲ့သည်။

ဟာရေးသည် ပွဲစပြီး ၂၅စက္ကန့်မှာပင် ရူးအစ်ဇ်အား ကြိုးဝိုင်းကြမ်းပြင်ပေါ်သို့ အလဲထိုးနိုင်ခဲ့သည်။ သို့သော်လည်း ဖွံ့ဖြိုးသော ရူးအစ်ဇ်သည် လဲကျနေရာမှ ချက်ချင်းပြန်ထကာ ဟာရေးအား ထပ်မံယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။

ရှုံးဖူး

သို့တိုင်အောင် အသက် ၃၈နှစ်ရှိ ရူးအစ်ဇ်သည် ပဉ္စမနှင့် ဆဋ္ဌမအချီများတွင် အမှတ်စဉ်ရေတွက်ခံရပြီးနောက် ကိုးချီတွင်မှ ပြိုင်ဘက်ဟာရေး၏ အလဲထိုးခြင်းကိုခံရကာ အရှုံးပေးခဲ့ရသည်။ ရူးအစ်ဇ်သည် ကမ္ဘာ့အဆင့်ချန်ပီယံလက်ဝှေ့ပြိုင်ပွဲ ၁၀ပွဲထိုးသတ်ရာတွင် ကမ္ဘာ့ချန်ပီယံလက်ဝှေ့ဆုခါးပတ် နှစ်ကြိမ်ရရှိခဲ့ဖူးသူဖြစ်သည်။ (အင်တာနက်)

ဘယ်လ်ဂျီယံတင်းနစ်မယ် ကလစ်ချ်စတာ ဆိုနီအဲရစ်ဆင်ဆုဖလားရရှိ

မီယာမီ ဧပြီ ၆

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီမြို့၌ ကျင်းပသော ဆိုနီအဲရစ်ဆင်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးပွဲစဉ် ဗိုလ်လုပွဲ၌ ကင်မ်ကလစ်ချ်စတာက ဗီးနပ်စ်ဝီလျံအား အနိုင်ရရှိပြီး ဆုဖလားရယူနိုင်ခဲ့သည်။

ရရှိခဲ့

ဘယ်လ်ဂျီယံတင်းနစ်မယ် ကလစ်ချ်စတာသည် အမေရိကန် တင်းနစ်မယ် အကျော်အမော် ဗီးနပ်စ်ဝီလျံအား ၆-၂၊ ၆-၁ ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိကာ ဆုဖလားဆွတ်ခူး နိုင်ခဲ့ခြင်းဖြစ်သည်။

ကလစ်ချ်စတာသည် လွန်ခဲ့သည့် နှစ်က တင်းနစ်လောကမှ အနားယူပြီး တင်းနစ်ပြန်လည်ကစားကတည်းက ယခုရရှိခဲ့သော ဆုဖလားသည် ဒုတိယမြောက် ဆုဖလားဖြစ်သည်။ ယခင်ဆုဖလားတစ်လုံးကိုမူ ၂၀၀၉ခုနှစ် စက်တင်ဘာလက အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရရှိခဲ့သောဆုဖလားဖြစ်သည်။ (အင်တာနက်)

ထင်ကျော်ထက် - စုစည်းသည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

အာဆင်နယ်နှင့်ရီရဲ တစ်သင်းသင်းကို ဟာဇတ်ရွေးချယ်မည်

ပြင်သစ်အသင်းလိုင်လီမှ ဇီဒန်းလက်သစ်ဟုတင်စားခံရသူ အသက် ၁၉နှစ်ရှိ ဘယ်လ်ဂျီယံလူငယ်ကြယ်ပွင့် အီဒင်ဟာဇတ်က ၎င်းအနေဖြင့် ယခုဘောလုံးရာသီ အကုန်တွင် အာဆင်နယ်နှင့် ရီရဲမက်ဒရစ် တစ်သင်းသင်းကို ရွေးချယ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဝက်စ်ဟမ်းနှင့်စပို့တင်း မက်ကလာရင်အား နည်းပြတာဝန်ပေးလို

ဟော်လန်အသင်း အက်ဖ်စီတွမ်တီးနှင့်အတူ ဆုဖလားရရှိရန် လက်တစ်ကမ်း အလိုသို့ ရောက်ရှိနေသည့် အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြဟောင်း စတိဗ်မက်ကလာရင်အား ဝက်စ်ဟမ်းနှင့် စပို့တင်းလစ္စဘွန်းတို့က နည်းပြအဖြစ်တာဝန်ပေးလိုကြသည်ဟု ဆိုသည်။

ချာမက်အား အာဆင်နယ်က စာချုပ်ရေး နီးစပ်လာ

အာဆင်နယ်အသင်းသည် ပြင်သစ်အသင်း ဘော်ဒိုးမှ ပေါင် ၁၂သန်းတန် တိုက်စစ်မှူး မာရိုနီချာမက်အား စာချုပ်ခေါ်ယူနိုင်ရေး နီးစပ်နေပြီဖြစ်သည်။

ဒီဇီကိုအားစာချုပ်ရန် မန်စီးတီး၊ စပါးနှင့်ချယ်လ်ဆီးကြိုးပမ်း

ဂျာမန်ဘွန်ဒက်စ်လီဂါအသင်း ဝုဖ်ဘတ်ဂ်မှ ပေါင် ၂၅သန်းတန်တိုက်စစ်မှူး အီဒင်ဒီဇီကိုအား စာချုပ်ခေါ်ယူနိုင်ရန် မန်စီးတီး၊ စပါးနှင့် ချယ်လ်ဆီးတို့ အပြိုင်ကြိုးပမ်းနေကြသည်။

လာမည့်ရာသီတွင် ဘင်ဇီမာအား ရီရဲအငှားချဖွယ်ရှိ

လာမည့် ဘောလုံးရာသီတွင် ပြင်သစ်တိုက်စစ်မှူး ကာရင်မ်ဘင်ဇီမာအား ရီရဲမက်ဒရစ်က အငှားချထားမည်ဟု ကြေညာခဲ့သည့်အတွက် ၎င်းအား ရေရှည်ခေါ်ယူရန် ပစ်မှတ်ထားနေသော မန်ယူအတွက် ရည်ရွယ်ချက်ပြည့်ဝရေး သေချာသလောက်ရှိနေသည်။

ကာဗာလီရီအား စာချုပ်ရန် ဘင်ဖီကာစီစဉ်

အန်ဖီးလ်မှထွက်ခွာရန် ပြင်နေသော လီဗာပူးအသင်းမှ ဘရာဇီးဂိုးသမား ဒီဂိုကာဗာလီရီအား ဘင်ဖီကာက ကမ်းလှမ်းစာချုပ်ခေါ်ယူရန် စီစဉ်နေသည်။

အောင်မြင်မှုက အနာဂတ်ကိုဆုံးဖြတ်မည်ဟု ဝင်းဂါးဖွင့်ဟ

အာဆင်နယ်အသင်းနှင့် ၂၀၁၁ခုနှစ်တိုင်အောင် စာချုပ်ချုပ်ဆိုထားပြီး ရီရဲမက်ဒရစ်က နည်းပြအဖြစ် တာဝန်ပေးလိုသည့် ပြင်သစ်လူမျိုးနည်းပြ အာစင်ဝင်းဂါးက အာဆင်နယ်အသင်း၏ ဖလားများရရှိအောင် စွမ်းဆောင်နိုင်မှု ရှိ မရှိသည် ၎င်း၏အနာဂတ်ကို အဆုံးအဖြတ်ပေးမည်ဟု ဖွင့်ဟထားသည်။

ဟာရေးနှင့် ထိုးသတ်လိုဟု ဟော့ပ်ကင်း ပြောကြား

အသက် ၄၅နှစ်ရှိ မစ်ဒယ်ဝိတ်လက်ဝှေ့ချန်ပီယံဟောင်း ဟော့ပ်ကင်းသည် ၎င်းအား ၁၇နှစ်ကြာ အနိုင်ယူနေခဲ့သူ အသက် ၄၁နှစ်ရှိ ပြိုင်ဘက် ရွိုင်ဂျုံးဂျူနီယာအား အမေရိကန်နိုင်ငံ လက်စ်ဗီးဂက်မြို့တွင် အနိုင်ထိုးသတ်ပြီးပြီးချင်း ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံ ဒေးဗစ်ဟာရေးနှင့် ထိုးသတ်လိုကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောကြားခဲ့သည်။

ကလစ်ရှ်ကို ညီအစ်ကို တစ်ဦးဦးနှင့် ဟာရေးထိုးသတ်လို

ဒဗလျူဘီအေဟဲဗီးဝိတ်သရဖူကို ကာကွယ်နိုင်ခဲ့သူ အသက် ၂၉နှစ်ရှိ ဗြိတိသျှလက်ဝှေ့သမားဟာရေးက ဒဗလျူဘီစီချန်ပီယံဖြစ်သူ ဗီတာလီကလစ်ရှ်ကို သို့မဟုတ် ၎င်းနှင့် ညီအစ်ကိုတော်သူ ဒဗလျူဘီအို၊ အိုင်ဘီအက်ဖ်နှင့် အိုင်ဘီအိုချန်ပီယံ ဒီမီရီကလစ်ရှ်ကိုနှင့် ယှဉ်ပြိုင်ထိုးသတ်လိုကြောင်း ပြောကြားသည်။

ဟူစတန်အိုးပင်းဂေါက်ရိုက်ပြိုင်ပွဲ အန်သိုနီဆုဖလားရယူရန်ပြင်

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟမ်းဘဲလ်မြို့၌ ယူအက်စ်ပီဂျီအေတိုးပြိုင်ပွဲအဖြစ်ကျင်းပသော ဟူစတန်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်အောက် ၁၂ချက်လျှော့ရိုက်ကာ ထိပ်ဆုံးမှ ဦးဆောင်နေသူ အသက် ၂၅နှစ်ရှိ အမေရိကန်ဂေါက်သီးသမား ကင်မ်အန်သိုနီသည် ဖလားရအောင်စွမ်းဆောင်မည်ဟု ပြောကြားသည်။

ချန်ပီယံလိဂ် ဖောင်ပိတ်သတင်း

အင်တာမီလန် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတက်ပြီ

မော်စကို ဧပြီ ၆

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၆ရက်၌ ဆက်လက်ယှဉ်ပြိုင်ရာ CSKA နှင့် အင်တာမီလန်တို့ပွဲတွင် အင်တာမီလန်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အင်တာမီလန်တို့ နှစ်ပွဲပေါင်းရလဒ် နှစ်ဂိုးပြတ်ဖြင့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ (အင်တာနက်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးထွန်းအုံ(ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-
ဒေါ်သန်းသန်းနွယ်တို့၏တစ်ဦးတည်းသောသား

မောင်ရဲမင်းထွန်း

Economics and Applied Computer Sciences,
(University of Applied Sciences of Western Switzerland, Geneva, Switzerland)
First Degree in French Language (University of Sorbonne, Paris, France)
Information Systems Agent (United Nations Office at Geneva, Switzerland)

နှင့်

ရန်ကုန်မြို့နေ(ပါမောက္ခဒေါက်တာဦးအေးငြိမ်း)-ဒေါ်ခင်အေးမြင့်တို့၏မြေးဦး၊
ဦးကျော်ကျော်ဦး(2nd Officer-Eastwind Shipmanagement Pte. Ltd.,)-
ဒေါ်နုနုအောင်တို့၏သမီးကြီး

မခိုင်ရည်မွန်ဦး

BBA(Yangon Institute of Economics)
ACCA-Part 2 (London College of Accountancy, London, UK)

တို့၏ ၂၂-၁၂-၂၀၀၉ရက်(အင်္ဂါနေ့)တွင် လန်ဒန်မြို့ မြန်မာသံရုံး၌ကျင်းပခဲ့သော လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဗြိတိန်နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးနေဝင်းအားလည်းကောင်း၊ အသိသက်သေများနှင့် သံရုံးဝန်ထမ်းများအားလည်းကောင်း၊ ၂-၄-၂၀၁၀ရက်(သောကြာနေ့) မဟာသန္တိသုခသံလွင်ခန်းမ၌ ကျင်းပခဲ့သော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ပေးပါသော နှစ်ဖက်ဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၄-၄-၂၀၁၀ရက် (တနင်္ဂနွေနေ့) Sedona Hotel (Grand Ballroom)၌ကျင်းပခဲ့သောမင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် ဇနီးဒေါ်စံပယ်တို့အားလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်လင်းနှင့် ဇနီးဒေါ်နန္ဒာအောင်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော ညီမလေးမရည်မွန်သက်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မိတ်ကပ်ဒီဇင်ဘာနှင်း၊ ပန်းအလှပြင် လင်းလင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသည့် စိုင်းဘုန်းထူးနှင့်အဖွဲ့သားများအားလည်းကောင်း၊ တေးသံသာများဖြင့် တီးခတ်ဖျော်ဖြေပေးပါသော ဦးသိန်းမြင့်သန်းနှင့် စတီရီယိုတေးသံရှင်များအားလည်းကောင်း၊ Sedona Hotel မှ မမြမ္ဘူနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲမင်းထွန်း-မခိုင်ရည်မွန်ဦး။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

၄-၄-၂၀၁၀ရက်တွင် Park Royal (Grand Ballroom)၌ကျင်းပသော **ဗိုလ်ကြီးမျိုးသက်နှင့် မမေသန္တာဖြူ** တို့၏ မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်ချုပ်ဟံစိန်နှင့် ဇနီးဒေါ်နုနုထွေး၊ ကြွရောက်ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ကျောင်းဆင်းသူငယ်ချင်းများ၊ ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော အရာရှိများနှင့် သူငယ်ချင်းများ၊ မင်္ဂလာညှော်ခံပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော ပိုးအိစံ၊ The Aces Music Band၊ မင်္ဂလာပန်းကြဲပေးသော မသဉ္ဇာထွန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မယဉ်ယဉ်အေး၊ သတို့သားအရံများဖြစ်ကြသော ဗိုလ်ကြီးလွှမ်းအောင်မိုးထွန်းနှင့် ဗိုလ်ကြီးဝင်းသုနိုင်၊ သတို့သမီးအရံများဖြစ်ကြသော မခိုင်ဇာလင်းနှင့် မနွေးနွေးထူးအောင်၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်အလှပြင်ဆင်ပေးသော ကိုမာ၊ ပန်းအလှဆင်ပေးသော နီနီပွိုင့်၊ အလှဓာတ်ပုံရိုက်ကူးပေးသော Forever ဗီဒီယိုမှတ်တမ်းတင်ပေးသောကောင်းလွင်(DVD-Video Group)၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပေးသော နိုင်နိုင်ထွန်း(Exposure)၊ Park Royal မှ မလှလှတင်၊ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ဗိုလ်ကြီးမျိုးသက်-မမေသန္တာဖြူ။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ကျောက်ဖြူမြို့နေ ဦးကျင်သိန်း(ကျောင်းအုပ်ကြီး၊ အထက၊ မောင်တောမြို့)-
ဒေါ်အောင်တင်ရီ(ကျောင်းအုပ်ကြီး-အမက၊ ကညင်တော၊ ကျောက်ဖြူမြို့)တို့၏သား

ဗိုလ်တင်အောင်ဟိန်း

M.B.,B.S, (D.S.M.A)

နှင့်

ရန်ကုန်မြို့၊ခုနစ်မိုင်၊ကုန်းမြင့်ရိပ်သာနေ ဒေါ်လှခင်စော(မြတ်သန္တာစိန်ရွှေရတနာရောင်းဝယ်ရေး)တို့၏မြေး
ဗိုလ်မှူးကျော်ဝင်း(ငြိမ်း)-ဒေါ်ခင်ဝင်းကြည်(ရွှေရည်ဝင်း-စိန်ရွှေရတနာဆိုင်)(သန္တာစိန်ရွှေရတနာဆိုင်)တို့၏သမီး

မဆုရတနာ

B.E (Civil)

တို့၏ ၄-၄-၂၀၁၀ရက်(တနင်္ဂနွေနေ့) ရန်ကုန်မြို့ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာပန်းကုံးများ ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးဝေလင်း(ငြိမ်း)နှင့်ဇနီး ဒေါ်ဌေးရီ၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်သန်းထွဋ်နှင့် ဇနီး ဒေါ်နီလာလှိုင်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်တင်အောင်ဟိန်း-မဆုရတနာ။

အမည်မှန်

မိတ္ထီလာမြို့၊ ပြည်သာယာမြောက် ဆ/၁၆၀နေ အဖ ဦးအောင်မင်းဆွေ၏ သမီးမဖြူဖြူဝင်း၏ အမည်မှန်မှာ မပြည့်နှင်းဖြူဖြစ်ပါကြောင်းနှင့် မိတ္ထီလာမြို့၊ အထက(၂)၊ အဋ္ဌမတန်း(B)မှ မပြည့်နှင်းဖြူ၏ မိဘအမည်မှန်မှာ ဦးအောင်မင်းဆွေ ၉/မထလ(နိုင်) ၀၁၆၀၇၇နှင့် ဒေါ်ထွေးထွေးအောင် ၉/မထလ(နိုင်)၁၈၉၅၈၁ ဖြစ်ပါကြောင်း။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မအယ်(လ်)ထုဆိုင်း၏ ပတ်စ်ပို့စာအုပ်အမှတ် A-069296 သည် ခရီးသွားရင်း Taxi ပေါ်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၅၀-၄၄၁၈၆၊ ၂၂၄၅၃၅။

မွေးနေ့ဆုမွန်လွှာ

ချစ်သမီးကြီး မေရတနာထွန်း(ခ)မီးမီး၏ ၇-၄-၂၀၁၀ ရက်တွင် ကျရောက်သော (၁၅)နှစ်မြောက် မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှလုံးကျန်းမာစွာဖြင့် မျှော်မှန်းထားသော ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေ-

ချစ်ဖေဖေ- ဒုတိယဗိုလ်မှူးကြီးထွန်းမင်း
ချစ်မေမေ-ဒေါ်မေပြုံး(ခ)ပြုံးလေး
ချစ်ညီမလေး- နှင်းရတနာထွန်း(ခ)နိုးနိုး။

မွေးနေ့ဆုတောင်း

ဖေဖေ မင်းသန်းထွဋ်အောင်၊ မေမေ မဆုဝေဖြိုးတို့၏ သားဦးရတနာ မင်းကောင်းချမ်း(ခ) မောင်ခန့်တည်ကြည်၏ ၇-၄-၂၀၁၀ရက်တွင် ကျရောက်သော (၂)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် မိသားစုနှင့်အတူ လိမ္မာယဉ်ကျေး၊ ပညာတတ်၊ ရည်မွန်သော သားရတနာလေးအဖြစ် ကျန်းမာပြည့်စုံပျော်ရွှင်စွာ ထာဝရနေနိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလျက်-

ဘွားဘွား-ဒေါ်ခင်စမ်းဝေ
လေးလေး-ကျော်ကိုလတ်(ခ)အောင်အောင်။



အမှတ် ၃၃၊ ငါးလွှာ(ခေါင်းရင်းခြမ်း)၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်သတိပေးကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်သပြေလမ်း၊ အမှတ်(၃၃)ဟုခေါ်တွင်သော ကန့်ထရိုက်တိုက် အဆောက်အအုံ၏ ခေါင်းရင်းခြမ်းငါးလွှာ သို့မဟုတ် စတုတ္ထထပ်တိုက်ခန်းကို မူလပိုင်ရှင်မြေရှင်ဖြစ်သူဒေါ်အေးစီ(AA-092957)ထံမှဒေါ်မြမြသင်း ၁၂/စခန(နိုင်)၀၁၀၈၁၂က ၁-၃-၂၀၀၉ရက်ကတည်းကတန်ဖိုးငွေများ အပြေအလည်ပေးချေလျက် ဝယ်ယူထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရဘဲ အဆိုပါတိုက်ခန်းကို မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ တခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ပါရန် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဒေါ်မြမြသင်း၏ အခွင့်ရကိုယ်စားလှယ် ဦးအောင်မြတ်ကျော်
၁၄/ဖပန(နိုင်)၀၀၀၃၀၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး(တရားရုံးချုပ်ရှေ့နေ) စဉ်-၆၇၀၂
အမှတ် ၅၆၁၊ MAC Tower၊
အခန်းအမှတ် ၇၀၁၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရောင်းမည်

မြောက်ဥက္ကလာပ VIP (ရတနာကျွန်းရိပ်သာ)၊ မြေ (ပေ ၆၀×၈၀)၊ RC နှစ်ထပ်၊ အိပ်ခန်းလေးခန်း၊ AC ဂရန်အမည် ပေါက်၊ ဖုန်းပါ၊ အဝီစိတွင်းနှင့် စက်အစုံ။

ဖုန်း-၀၆၇-၂၄၀၅၄
(ရုံးချိန်အတွင်း)
၀၆၇-၄၂၁၅၉၂၊ ၀၁-၇၀၇၇၃၉။

အင်တာနက်

Broadband (Bagan) လိုင်း တစ်လိုင်းအမြန်ဆုံးရောင်းမည်။

ဆက်သွယ်ရန်-
ဖုန်း-၀၉-၈၀-၃၄၈၆၃၊
၀၉-၅၀-၃၂၄၈၈။

စာအုပ်စာပေ လူ့မိတ်ဆွေ

ပိုလီယိုရောဂါကာကွယ်ဆေးများ ရွှေပြည်သာမြို့နယ်၌တိုက်ကျွေး

ရန်ကုန် ဧပြီ ၆

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃ရက် နံနက်၆နာရီက မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ကာကွယ်ဆေးတိုက်ကျွေး

ဖွင့်ပွဲအခမ်းအနားကျင်းပပြီးနောက် ပိုလီယိုရောဂါကာကွယ်ဆေးများ တိုက်ကျွေးခြင်းကို သက်ဆိုင်ရာစုရပ်အသီးသီးတွင် နံနက် ၆နာရီမှ ညနေ ၅နာရီအထိ ဆောင်ရွက်ကြသည်။**(အပေါ်ပုံ)** ရွှေပြည်သာမြို့နယ်တွင် အသက် ငါးနှစ်အောက် ကလေးငယ် ၂၃၅၈၁ဦးအား ပိုလီယိုရောဂါကာကွယ်ဆေးများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာစာကြည့်တိုက်များဆောက်လုပ်မှု ကွင်းဆင်းစစ်ဆေး

ဂန့်ဂေါ ဧပြီ ၆

ဂန့်ဂေါမြို့နယ်တွင် မြောက်ခင်ရန်း၊ နှမ်းခါး၊ စိုင်ဒူး၊ ထယ်လော့၊ ကျွန်းခုံသာကျေးရွာများ၌ နိုင်ငံတော်ခွင့်ပြုငွေဖြင့်မတည်လျက် စာကြည့်တိုက်အဆောက်အအုံများ ဆောက်လုပ်လျက်ရှိသည်။ အဆိုပါကျေးရွာများသို့ ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွှန့်ဆောင်သည် ဧပြီ ၃ရက်က စာကြည့်တိုက် ဆောက်လုပ်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ စံ(၅)ချက်နှင့် ညီညွတ်သည့်စာကြည့်တိုက်များဖြစ်ရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

(၀၇၁)

ကော့သောင်းမြို့နယ် အော်ကြီးကျေးရွာအုပ်စု သရက်ပင်ကျေးရွာ မြသဇင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၃ရက်က ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေဇင်ဦးက စာကြည့်တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံက လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

(၅၂)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဧပြီ ၆

(၅၂)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၁ရက်မှ ၁၄ရက်အထိ ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစား၌ ရွှေ၊ ငွေ၊ ကြေးအဆင့် အသင်းလိုက်ပြိုင်ပွဲ၊ ရွှေ၊ ငွေ၊ ကြေးအဆင့် တစ်ဦးချင်းပြိုင်ပွဲ သက်ကြီးတန်းပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် ပြင်ဦးလွင် တံခွန်စိုက်ဖလားပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

အသင်းလိုက်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယ(၂)ဆု၊ ရွှေ၊ ငွေ၊ ကြေးအဆင့် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမမှ ဒသမအထိ (၁၀)ဆု၊ တစ်ဦးချင်းရွှေ၊ ငွေ၊ ကြေးအဆင့်ပြိုင်ပွဲတွင် ပထမမှ ဒသမအထိ (၁၀)ဆု၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမမှ သတ္တမအထိ (၇)ဆု၊ သက်ကြီးတန်းပြိုင်ပွဲတွင် ပထမမှ ဒသမအထိ (၁၀) ဆုနှင့် ပြင်ဦးလွင်တံခွန်စိုက်ဖလားပြိုင်ပွဲတွင် ပထမနှင့် ဒုတိယ(၂)ဆု ချီးမြှင့်မည်ဖြစ်သည်။

သတ်မှတ်ထား

အချက်ကျော သတ်မှတ်ချက်နှင့် ပြိုင်ပွဲနည်းစနစ်မှာ ရွှေအဆင့်ပြိုင်ပွဲတွင် အချက်ကျော (၀-၁၂)ချက် အထိလည်းကောင်း၊ ငွေအဆင့်ပြိုင်ပွဲတွင် အချက်ကျော (၁၃-၁၈)အထိလည်းကောင်း၊ ကြေးအဆင့်ပြိုင်ပွဲတွင် အချက်ကျော (၁၉-၂၄)ချက်အထိ လည်းကောင်း သတ်မှတ်ထားသည်။

အသင်းလိုက်ပြိုင်ပွဲတွင် တစ်သင်းလျှင် ပြိုင်ပွဲဝင်လေးဦးတို့ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အကောင်းဆုံးသုံးဦး၏ အကျောမဲ့ ရိုက်ချက်ကို တွက်ချက်မည်ဖြစ်သည်။

တစ်ဦးချင်းပြိုင်ပွဲများတွင် အကျောပေးစနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အချက်ကျောသတ်မှတ်ချက်များနှင့် စပ်လျဉ်းပြီး အငြင်းပွားမှုများ မရှိစေရန် မိမိအသင်းဝင်ထားသော ဂေါက်ကလပ်များ၏ အချက်ကျောသတ်မှတ်ချက်၊ ထောက်ခံစာကို တစ်ပါတည်းယူဆောင်လာကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကြေး

ပြိုင်ပွဲဝင်ကြေးနှင့် ချီးမြှင့်မည့်ဆုများမှာ တစ်ဦးချင်းပြိုင်ပွဲများတွင် တစ်ဦးလျှင် ငွေကျပ် ၇၀၀၀နှင့် အသင်းလိုက်ပြိုင်ပွဲများတွင် တစ်သင်းလျှင် ငွေကျပ် ၂၀၀၀၀ သတ်မှတ်ထားသည်။ ပြိုင်ပွဲတစ်ရပ်လုံးတွင် ဆုရရှိသူများအား ဆုငွေကျပ် သိန်း ၁၀၀နှင့် ဆုပစ္စည်းတန်ဖိုး ငွေကျပ်သိန်း ၅၀ စုစုပေါင်းငွေကျပ်သိန်း ၁၅၀ ချီးမြှင့်သွားမည်ဖြစ်သည်။

ကြေးအဆင့်ပြိုင်ပွဲများ၊ သက်ကြီးပြိုင်ပွဲများနှင့် အမျိုးသမီးပြိုင်ပွဲများကို ဧပြီ ၁၁ရက်မှ ၁၂ အထိလည်းကောင်း၊ ငွေအဆင့်ပြိုင်ပွဲ၊ ရွှေအဆင့်ပြိုင်ပွဲနှင့် ပြင်ဦးလွင် တံခွန်စိုက်ဖလားပြိုင်ပွဲများကို ဧပြီ ၁၃ရက်မှ ၁၄ ရက်အထိလည်းကောင်း၊ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများအားလုံး ဧပြီ ၉ ရက် မွန်းတည့် ၁၂နာရီမှ ဧပြီ ၁၅ ရက် မွန်းတည့် ၁၂ နာရီအထိ တည်းခိုနေထိုင်ရေးအတွက် ပြင်ဦးလွင်မြို့ရှိ ဟိုတယ်/တည်းခိုခန်းများတွင် အခန်းခထက်ဝက်နှုန်းထားဖြင့် တည်းခိုနိုင်ရေးအတွက် စီစဉ်ထားသည်။ ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားတိုင်းအား တစ်ဦးလျှင် အနည်းဆုံးငွေကျပ် ၁၀၀၀၀ တန်ဖိုးရှိသော လက်ဆောင်ပစ္စည်းများကို ချီးမြှင့်ပေးမည်ဖြစ်သည်။

နောက်ဆုံးထားပေးသွင်း

ပြိုင်ပွဲ၏ စည်းကမ်းချက်မှာ ကြေးအဆင့်ပြိုင်ပွဲ၊ သက်ကြီးတန်းပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစား မောင်မယ်များသည် ဧပြီ ၁၀ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍လည်းကောင်း၊ ငွေအဆင့်ပြိုင်ပွဲ၊ ရွှေအဆင့်ပြိုင်ပွဲနှင့် ပြင်ဦးလွင်တံခွန်စိုက်ဖလားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဧပြီ ၁၂ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍လည်းကောင်း အမည်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲစည်းကမ်းအနေဖြင့် စိန့်အင်ဒရူးဥပဒေနှင့် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းမှ သတ်မှတ်ထားသော ဒေသန္တရစည်းမျဉ်းဥပဒေ (Local Rules)များ အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

(၅၂)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို Main Sponsor အဖြစ် KAUNG MYAT Companies (KM Golf Center) က အဓိကကူညီပံ့ပိုးမည်ဖြစ်ပြီး Co-Sponsor များအဖြစ် International Beverages Trading Co.,Ltd.(IBTC)၊ Han Golf Masters Pte.,Ltd.၊ ရွှေချမ့်ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၊ Hotel Pyin Oo Lwin၊ Lucky Drinking Water Co.,Ltd.၊ A.1 ဆောက်လုပ်ရေးကုမ္ပဏီ၊ သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီ၊ Elite Tech Manufacturing Co.,Ltd.၊ IGE Group of Companies၊ Fortune International Co.,Ltd.၊ Asia World Co.,Ltd.၊ Yatanarpon Teleport Co.,Ltd.၊ တာမိုးညဲချမ်းသာထွန်းဝေသာ၊ မြတ်မန္တလာထွန်း၊ Fisea Co.,Ltd.၊ Royal Reward Resort Hotel (Pyin Oo Lwin) နှင့် Nikon တို့က ထပ်မံ၍ ကူညီပံ့ပိုးကြမည်ဖြစ်သည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားမောင်မယ်များသည် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း ဖုန်း-၀၈၅-၂၂၃၈၂၊ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်အုံး ဖုန်း-၀၉-၂၀၄၄၇၈၂၊ ဦးစံဏီ ဖုန်း-၀၉-၅၂၆၁၂၉၁ နှင့် ဗိုလ်မှူး စိုင်းဝင်းဟန် (ငြိမ်း) ဖုန်း-၀၉-၂၀၄၄၁၆၄တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆီဆိုင် မြို့မအောင်သပြေရပ်ကွက်ရှိ ယုဇနကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် မုခ်ဦးကို မတ် ၂၆ရက်က နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးတင့်အောင်၊ မြို့နယ် ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အမှုဆောင်အရာရှိ ဦးခင်မောင်ခတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၀၁၅)

ထီးချိုင့်မြို့ ဆေးရုံလမ်းတွင် သန့်ရှင်းရေးပြုလုပ်မှုကို အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်း ထွေတလာ

ပြည်ပမှ တရားမဝင် တင်သွင်းသောပစ္စည်းများ အခွန်ပေးဆောင်ရေး ပညာပေးဆွေးနွေး

သာစည် မတ် ၂၂

ပြည်ပမှ တရားမဝင်တင်သွင်းသည့် အရက်၊ ဘီယာ၊ စီးကရက်နှင့် သောက်ရေသန့်များကို အခွန်အခပေးဆောင်စေပြီး အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပြီးမှ ရောင်းချစေရေး လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးရှင်းလင်း ဟောပြောပွဲကို မတ်၂၂ရက် ညနေ ၃နာရီက သာစည်မြို့နယ် အခွန်ဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ် အခွန်ဦးစီးမှူး ဦးမောင်မောင်စိုးနှင့် ဒုတိယအခွန်ဦးစီးမှူး ဦးခင်ကိုကိုတို့က လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

တက်ရောက်

အဆိုပါ အသိပညာပေးဟောပြောရှင်းလင်းဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ စားသောက်ဆိုင်ရှင်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။ ***(၀၉၄)***

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် မြေပုံကျေးရွာအုပ်စု မြေပုံစံပြကျေးရွာ ပညာပဒေသာ စာကြည့်တိုက်ကို ဖေဖော်ဝါရီ ၂၀ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်အောင်တင်ကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးညီပုချေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကော့သောင်းမြို့နယ် အော်ကြီးကျေးရွာအုပ်စု သရက်ပင်ကျေးရွာ မြသဇင်စာကြည့်တိုက် အဆောက်အအုံသစ်ကို မတ် ၁၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေသီရှိန်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ပညာပေးနှိုးဆော်ချက်အမှတ်-၁ ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့် ပြည့်နေသော ငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြသည်။

ထိုငါးရစ်တက် ငါးများကိုဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကိုအထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်သည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ အုတ်တွင်းဈေးကြီးနှင့် စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့၌ မတ်၈ရက်က မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်သရုပ်ပြပွဲကိုကျင်းပရာ မြို့နယ် အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် မီးသတ်တာဝန်ခံ ဦးသိန်းမင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



(၆၅)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု
သီရိစန္ဒာစာကြည့်တိုက်အဆောက်အအုံ နတ်တလင်းမြို့နယ်၌ဖွင့်

နတ်တလင်း ဧပြီ ၄

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သီရိစန္ဒာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက်က အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးစန်းမြင့်အောင်၊ ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်တို့က အမှာစကားပြောကြားပြီး စာကြည့်တိုက်ဖြစ်မြောက် ရေးကော်မတီဝင် ဦးညွှန့်ဝေက စာကြည့်တိုက်ဖြစ်ပေါ်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ စေတနာရှင်များက စာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံးနှင့် စာအုပ်စာစောင်များ လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ထို့နောက် ခရိုင်ဥက္ကဋ္ဌဦးစန်းမြင့်အောင်၊ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးရှိန်တို့က အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆောက်လုပ်

နတ်တလင်းမြို့နယ် ကုလားတက်တွန်းကျေးရွာ သီရိစန္ဒာ စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူစုပေါင်း၍ ငွေကျပ် နှစ်ဆယ့်ခုနစ်သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(တိုင်း ပြန်/ဆက်)**

သရက်ခရိုင် မင်းတုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၆ရက်က မင်္ဂလာဦးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ညွန့်က ပြည်သူများ၏ လက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မယ်စဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ယူနီဆက် ပံ့ပိုးငွေဖြင့် ဆောင်ရွက်လျက်ရှိသော မယ်ဆည့်နမ်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ကယားပြည်နယ် စည်ပင်အင်ဂျင်နီယာမှူး ဦးပြည့်ကြွယ်ငြိမ်းအနီးကပ် ကြီးကြပ်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမိုးအောင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးစောနေခလီးတို့ ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

မိုင်းရယ် ကန်သာယာ တိုးချဲ့ကတ္တရာလမ်းသစ်ဖွင့်

မိုင်းရယ် ဧပြီ ၂

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုသောအားဖြင့် ကန်သာယာ တိုးချဲ့ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက်က မိုင်းရယ်မြို့ ကန်သာယာ တိုးချဲ့ကတ္တရာလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကြည်မြင့်နှင့် အရာရှိကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းကိုနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးစိုးနိုင်က ကန်သာယာ တိုးချဲ့ကတ္တရာလမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖ ဦးစိုးမြမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ကန်သာယာ တိုးချဲ့ကတ္တရာလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးမှ အင်ဂျင်နီယာနှင့် မြို့မိမြို့ဖတစ်ဦး **(အပေါ်ပုံ)**တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ကန်သာယာ တိုးချဲ့ ကတ္တရာလမ်းကို ဒေသခံပြည်သူများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ (၁၃၅)

မြို့နယ် သတင်း ထွေတလာ

ဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးရေး ဟသ်ာတမြို့နယ်တွင် တာဝန်ပေးအပ်

ဟသ်ာတ ဧပြီ ၁

ဟသ်ာတမြို့နယ်၏ ၂၀၁၀-၂၀၁၁ ခုနှစ် ဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၀ရက်က ဟသ်ာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

တာဝန်ပေး

အဆိုပါ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က ရာသီချိန်မီ စိုက်ရေး၊ ရာထားချက်ပြည့်မီအောင်စိုက်ပျိုးရေး အဖွင့်အမှာစကား ပြောကြားကာ ခရိုင်ဂုန်လျှော်မန်နေဂျာ ဦးဉာဏ်လင်းက စိုက်ပျိုးတာဝန်ပေးအပ်ခြင်းနှင့် မြို့နယ်မန်နေဂျာ ဦးဉာဏ်မြင့်က လုပ်ငန်းစဉ်များကိုပြောကြားကာ တာဝန်ရှိသူများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရာသီချိန်မီ စိုက်ပျိုးရန်အတွက် စိုက်ပျိုးရမည့်ဒေသများ သတ်မှတ်တာဝန်ပေးကြသည်။ (ဝဲပုံ) (၁၈၆)

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဖွင့်

တံတားဦး မတ် ၂၉

တံတားဦးမြို့နယ် ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၅ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားပြီး တံတားဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။
(ပြည်နယ် ပြန်/ဆက်)

လင်းခေးခရိုင် ပြန်/ဆက် လုပ်ငန်းညှိနှိုင်းစည်းဝေး

လင်းခေး ဧပြီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၆ရက်က ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ ပြည်နယ်ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီက (၁၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား၏ လမ်းညွှန်ချက်နှင့် ဆုံးဖြတ်ချက်များအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် ၂၀၀၉-၂၀၁၀ လုပ်ငန်းဆောင်ရွက်ချက်များ၊ ၂၀၁၀-၂၀၁၁ လုပ်ငန်း(၁၂) အပေါ် လျာထားချက်နှင့် ရုံးစစ်ဆေးချက်မှတ်တမ်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက လင်းခေးတစ်ခရိုင်လုံးအပေါ် လုပ်ငန်းဆောင်ရွက်ချက်၊ လျာထားချက်၊ စစ်ဆေးချက်မှတ်တမ်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးများက မိမိတို့မြို့နယ်အတွင်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဒုတိယညွှန်ကြားရေးမှူးက ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၏ အားသာချက်၊ အားနည်းချက်များအပေါ် ရှင်းလင်းဆွေးနွေးပြီး အကောင်းဆုံးဆောင်ရွက်ရေးနှင့် မိမိတို့ဌာနဝန်ထမ်းများက မီဒီယာနည်းဖြင့် ထိုးဖောက်ဝင်ရောက်၍ ပြည်သူများ၏ သဘောထားအမှန်ရရှိရေးကို ကွင်းဆင်းဆောင်ရွက်သွားရန် ပြောကြားသည်။ ***(ခရိုင် ပြန်/ဆက်)***

မကွေးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး) ဦးချိုထွန်း မတ် ၇ရက်က ဂန့်ဂေါမြို့နယ် ဇပောကျေးရွာရှိ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (သတင်းစဉ်)

မင်းပြားမြို့နယ်၌ စိုက်ပျိုးရေးပညာပေး ဆွေးနွေး

မင်းပြား မတ် ၂၀

စစ်တွေခရိုင် မင်းပြားမြို့နယ် နရမ်းကျေးရွာအုပ်စု ဆောင်းသီးနှံစံပြကွင်းတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီက ဦးစီးပြီး တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အဖြစ် စိုက်ပျိုးရေးပညာပေး ဆွေးနွေးနှီးနှောဖလှယ်ပွဲ အခမ်းအနားကို မတ် ၂ရက်က ကျင်းပသည်။

ရှင်းလင်း

ဆွေးနွေးပွဲတွင် ငွေချည် (၆) ဝါ စိုက်ပျိုးနည်း၊ နေကြာမျိုးသန့်၊ ပဲမျိုးစုံနှင့် နေကြာသီးညှပ်၊ ဆီထွက်သီးနှံ စနစ်တကျ တိုးချဲ့စိုက်ပျိုးနည်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ၊ ပိုးသတ်ဆေး စနစ်တကျသုံးစွဲရေးကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်တို့က ကဏ္ဍအလိုက် တစ်ဦးချင်း ရှင်းလင်းကြရာ တက်ရောက်လာသော တောင်သူများနှင့် အပြန်အလှန် ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၅)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု
ဖျာပုံပြည်သူ့ဆေးရုံ၌ စစ်မှုထမ်းဟောင်းများ သန့်ရှင်းရေးဆောင်ရွက်

ဖျာပုံ မတ် ၃၀

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး တပ်ကြပ်ကြီးမျိုးအောင်(ငြိမ်း) ဦးဆောင်မှုဖြင့် အဖွဲ့ဝင် ၅၀ကျော်တို့သည် ဖျာပုံခရိုင် ပြည်သူ့ဆေးရုံကြီးနှင့် တည်ဆောက်ဆဲ ခုတင် ၂၀၀ ဆံ့ ဆေးရုံသစ် နားနေဆောင်တို့တွင် မတ် ၂၆ရက် နံနက်က သန့်ရှင်းရေးဆောင်ရွက်ကြရာ အဖွဲ့ဥက္ကဋ္ဌ ဗိုလ်သန်းဌွေး(ငြိမ်း)နှင့် ခရိုင်ဆရာဝန်ကြီး ဦးညီညီမင်းတို့က လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကြသည်။ ***(အပေါ်ပုံ)***

ခွဲဝေပေး

သန့်ရှင်းရေးဆောင်ရွက်အပြီးတွင် အဖွဲ့ဝင်များ သက်သာချောင်ချိရေးအတွက် အဖွဲ့ဝင်တစ်ဦးလျှင် ဆန် ငါးပြည်နှုန်းဖြင့် အဖွဲ့ဝင် ၁၃၀ကျော်တို့အတွက် အဖွဲ့ရန်ပုံငွေမှ တန်ဖိုးငွေပေါင်း ငါးသိန်းကျော် သုံးစွဲခွဲဝေပေးခဲ့သည်။ *(၁၃၇)*

တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် လှိုင်ကော်၌ကျင်းပ

လှိုင်ကော် ဧပြီ ၄

၂၀၁၀ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ်၂၄ရက် နံနက် ၈နာရီက လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးချုပ်ဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ၂၀၁၀ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားဖွင့်ပွဲမိန့်ခွန်းကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဝင်းက ဖတ်ကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်ပြီး တီဘီရောဂါအကြောင်းသိကောင်းစရာများနှင့် ရှေ့လုပ်ငန်းများကို အဖွဲ့ခေါင်းဆောင်ဆရာဝန်က ပြောကြားပြီး ပြည်နယ်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ၂၀၁၀ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လိုက်လံကြည့်ရှုအားပေးသည်။

(ဓါတ်ပုံ) (ပြည်နယ် ပြန်/ဆက်)

ဇန်းမော်မြို့ နောင်ခိုရပ်ကွက် နောင်ခို-ကုန်းခါး-မင်းလှလမ်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ရက်က အဆိုပါလမ်းထိပ်ရှိ မုခ်ဦး၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဌေးလွင်၊ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဇန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်း ထွေတလာ

ကွန်ပျူတာတက္ကသိုလ်နှင့်နည်းပညာတက္ကသိုလ်(ထားဝယ်) ပထမအကြိမ် စုပေါင်းသွေးလှူဒါန်း

ထားဝယ် ဧပြီ ၁

ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကွန်ပျူတာတက္ကသိုလ် (ထားဝယ်)မှ ကျောင်းအုပ် ဆရာမကြီး ဒေါက်တာတင်ထားနွယ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၂၉ရက် နံနက် ၉နာရီက ကွန်ပျူတာတက္ကသိုလ် (ထားဝယ်)၌ကျင်းပရာ (ဓါတ်ပုံ) ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက သွေးပုလင်း၆၈ပုလင်းကို လှူဒါန်းကြသည်။

လှူဒါန်း

အလားတူ ဇန်နဝါရီ၃၁ရက် နံနက် ၉နာရီက နည်းပညာတက္ကသိုလ်(ထားဝယ်)၌ ကျောင်းအုပ်ကြီးဒေါက်တာအောင်နိုင်မြင့်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သွေးပုလင်း၂၆ပုလင်းကို ထားဝယ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်သို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မီးဘေးကာကွယ်ရေး နွားထိုးကြီးမြို့လုံးကျွတ် သန့်ရှင်းရေးဆောင်ရွက်

နွားထိုးကြီး ဧပြီ ၂

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏အစီအစဉ်ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့လုံးကျွတ်သန့်ရှင်းရေးဆောင်ရွက်မှုကို မတ် ၁၄ရက်က နွားထိုးကြီးမြို့၌ကျင်းပရာ ဌာနဆိုင်ရာ၁၇ခုနှင့် ရပ်ကွက်ရှစ်ရပ်ကွက်တွင် သန့်ရှင်းရေးပြုလုပ်ကြပြီး ဌာနအလိုက် ရုံးတွင်းရုံးပြင်သန့်ရှင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းအသစ် ပြုလုပ်တပ်ဆင်ကြသည်။ (၀၉၂)

ပန်းပွင့်၊ ပန်းခိုင်နှင့် လက်ကိုင်အိတ်ပြုလုပ်နည်း လှည်းကူးမြို့၌ သင်တန်းဖွင့်

လှည်းကူး ဧပြီ ၂

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ဖွင့်လှစ်သော အခြေခံပန်းပွင့် ပန်းခိုင်နှင့် လက်ကိုင်အိတ်ပြုလုပ်နည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၉ ရက် နံနက်ပိုင်းက လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ**(အောက်ယာပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ထို့နောက် လှည်းကူးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်အောင်က အသင်းဝင် အဆိုပြုလွှာများကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ထံသို့ ပေးအပ်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ရှစ်မြို့နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ အသင်းဝင်များနှင့်သင်တန်းသူ ၂၀တို့ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာအုပ်စု အဒ္ဓတ္တွေကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ် ကျောက်တန်းမြို့နယ်တွင် ဖွင့်လှစ်

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ခင်ခင်ကြူက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးသောင်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်အိဇာလှိုင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းကို ဟောပြောပြီး ခရိုင်ဦးစီးအရာရှိက သုတရသစာအုပ်စာစောင် ၈၀၀ကို လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးတင်လတ်ရီက လက်ခံယူသည်။

ဆက်လက်ပြီး ရောင်ခြည်ဦး စာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်ဦးစီးအရာရှိ ဦးအေးသောင်း၊ မြို့နယ်အတွင်းရေးမှူး ဒေါ်ခင်ခင်ကြူနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်လတ်ရီ **(အပေါ်ပုံ)**တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ အဆိုပါ အဆောက်အအုံမှာ အလျား၂၄ပေ × အနံ၁၄ပေရှိ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း အမျိုးအစားဖြစ်၍ ငွေကျပ်၂၅သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဖြစ်ပေါ်ရေး စာအုပ်စာစောင်များလှူဒါန်း

ပြည် ဧပြီ ၂

ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော စံ(၅)ချက်နှင့်အညီ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်ပေါ်ရေးအတွက် ပြည်မြို့ အမှတ် ၁၃၉၄ အနောက်စောင်းတန်းလမ်း ဦးသစ္စာ-ဒေါ်တင်လှ(အထက်တန်းကျောင်းအုပ်-ငြိမ်း)နေအိမ်၌ ဦးသွင်ထူးညွန့်၏ဆန္ဒအရ ကျန်ရစ်သူဇနီး ဒေါ်စန်းရီမိသားစုက ငွေကျပ်တစ်သိန်းငါးသောင်းတန်ဖိုးရှိ စာအုပ်စာစောင်မျိုးစုံ အုပ် ၂၀၀ လှူဒါန်းရာ ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ညွန့်နှင့် ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းတို့က လက်ခံယူသည်။ (တိုင်း ပြန်/ဆက်)

မီးကို ကြိုတင် ကာကွယ်မှုဖြင့် အနိုင်ယူပါ

ပခုက္ကူမြို့၌ အိမ်တွင်းမှုသင်တန်းနှင့် စက်ချုပ်သင်တန်းဆင်း

ပခုက္ကူ ဧပြီ ၂

ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံ အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၃)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၁၀)သင်တန်းဆင်းပွဲကို မတ် ၂၆ရက် နံနက် ၉နာရီက အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးဒေါ်အေးအေးသောင်းက သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ (၀၇၀)

ရန်ကင်းမြို့နယ် (၃) ရပ်ကွက် ရန်ရှင်းလမ်းနေ ဖခင် ဦးသိန်း-မိခင် ဒေါ်သိန်းခင် (စစ်ကိုင်း)တို့အား ရည်စူး၍ ဦးခင်အောင်၊ ဒေါ်ခင်အေးမြင့်၊ ဒေါ်ခင်မြသွေး၊ ဒေါ်ခင်မြထွေး မောင်နှမတစ်စုတို့က လေးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့်ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

K M T. Group

Echinacold®
FAME
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
For Acute Respiratory Tract Infection

KHAING KHAING SANG DA MOTORCAR MFG CO.,LTD



KHAING KHAING SANG DA MOTORCAR FACTORY
KHAING KHAING SANG DA MOTORCAR SHOWROOM, SERVICE CENTER

အမည်ပြောင်း

ရောဝတီတိုင်း၊ နေပြည်တော်၊ အခြေခံပညာအထက်တန်းကျောင်း အဌမတန်း(ခ)မှ မသန်းပိုအား ယနေ့မှစ၍ မသီဂီဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မသီဂီဝင်း။**

အမျိုးသားကာကွယ်ဆေးတိုက်နေ့ စစ်တွေ၌ကျင်းပ

စစ်တွေ မေ ၅

ရခိုင်ပြည်နယ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အခမ်းအနားကို စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ မေ ၃ရက် နံနက် ၈နာရီက ကျင်းပသည်။

ပထမဦးစွာ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၀)ဖွင့်ပွဲ အခမ်းအနားမှခ်ဦးကို ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်လင်းဒွေး၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမောင်မောင်နှင့် ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချိုထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

တိုက်ကျွေး

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ဦးဥတ္တမခန်းမ၌ ဆက်လက်ကျင်းပရာ အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသည်။ ရခိုင်ပြည်နယ်ရှိ မြို့နယ်အားလုံးတွင် အသက်ငါးနှစ်အောက်ကလေးပေါင်း ၄၇၅၆၂၀ ကို ကာကွယ်ဆေးတိုက် အဖွဲ့ပေါင်း ၁၀၈၇ဖြင့် မေ ၃ရက်က ပထမအကြိမ်အဖြစ် တစ်ပြိုင်တည်း တိုက်ကျွေးကြသည်။

(ခရိုင် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်သစ် အုတ်တွင်း၌ဖွင့်

အုတ်တွင်း မေ ၂

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ငွေးတောက်ခင်ကျေးရွာအုပ်စု ငွေးတောက်ခင်ကျေးရွာတွင် နိုင်ငံတော်မှခွင့်ပြုငွေနှင့် ကျေးရွာပြည်သူများ၏ စုပေါင်းလှူဒါန်းငွေဖြင့် ဆောက်လုပ်သည့် ဂုဏ်တော်မြိုင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက်၉နာရီက စာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးနိုင်ဝင်းဇော်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးတင်မောင်အေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင့်ဆွေတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

အခမ်းအနားတွင် တောင်ငူခရိုင်ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်၊ မြို့နယ်ဦးစီးမှူး ဦးစိုးကြိုင်၊ စေတနာရှင်အလှူရှင်နှစ်ဦးတို့က သုတ၊ ရသ စာအုပ်စာစောင်အုပ်၁၅၀ကို လှူဒါန်းကြသည်။ အဆိုပါအဆောက်အအုံ၏တန်ဖိုးမှာ ငွေကျပ်၁၈သိန်းခန့်ကုန်ကျခဲ့ပြီး သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း တစ်ထပ်အဆောက်အအုံဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

အကြိမ်(၆၀)ပြည့် သွေးလှူဒါန်း

ရန်ကုန် မေ ၆

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် သာယာဝတီမြို့ ကွက်သစ်ရပ်ကွက် မေတ္တာလမ်းနေ သာယာဝတီမြို့နယ် ကရုဏာ သွေးလှူရှင်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုလွင်**(အပေါ်ပုံ)**သည် သာယာဝတီခရိုင် ဆေးရုံကြီး၌ မတ် ၈ရက်က အကြိမ် (၆၀)ပြည့် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင်ကျန်းမာရေး)

မုံရွာစီးပွားရေးတက္ကသိုလ် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(MPA) သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) သင်တန်းများကို ၂၀၁၀ခုနှစ် ဇွန်လအတွင်း ဖွင့်လှစ်မည်ဖြစ်ရာ အောက်ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်လွှာတင်သွင်း ဝယ်ယူနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီး လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်ရှိသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သတ်မှတ်ထားသောသင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) MBA သင်တန်းအတွက် စီးပွားရေးလုပ်ငန်းများတွင် စီမံခန့်ခွဲမှု အဆင့်အလိုက် လုပ်ကိုင်နေသူများနှင့် MPA သင်တန်းအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး၊ စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံ နိုင်ငံတကာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ ပြင်ပ ပုဂ္ဂိုလ်များကို ဦးစားပေးမည်။
(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းသို့တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာပါရှိရမည်။

၂။ MBA သင်တန်းနှင့် MPA သင်တန်းတို့၏ သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို မုံရွာစီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနနှင့် ဘောဂဗေဒဌာနတို့တွင် MBA အတွက် ၂၂-၄-၂၀၁၀ ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၁၇-၅-၂၀၁၀ ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရန်နှင့် MPA အတွက် ၂၂-၄-၂၀၁၀ ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၂၃-၅-၂၀၁၀ ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည်။

၃။ MBA သင်တန်းအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၉-၅-၂၀၁၀ ရက်နှင့် နှုတ်ဖြေစာမေးပွဲကို ၂၂-၅-၂၀၁၀ ရက်တို့တွင်လည်းကောင်း၊ MPA သင်တန်းအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၅-၅-၂၀၁၀ ရက်နှင့် နှုတ်ဖြေစာမေးပွဲကို ၂၇-၅-၂၀၁၀ ရက်တို့တွင် စစ်ဆေးရွေးချယ်ပြီး သင်တန်းသားဦးရေ ကန့်သတ်လက်ခံမည်။

၄။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မုံရွာစီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာနသို့ ရုံးချိန်အတွင်း ဖုန်း-၀၇၁-၂၂၆၇၂၊ ၂၃၆၅၈၊ ၂၃၆၆၃ တို့သို့ စုံစမ်းနိုင်ပါသည်။

စုစုထွန်း
မော်ကွန်းထိန်း၊ သင်တန်းရေးရာဌာန
မုံရွာစီးပွားရေးတက္ကသိုလ်။

သဲအင်းဂူသကြၤန်အထူးအဓိဋ္ဌာန် ခုနစ်ရက် တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်း၊ သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၀ခုနှစ် မေ ၁၁ရက်မှ ၁၈ရက်အထိ ခုနစ်ရက် အထူးအဓိဋ္ဌာန် တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပမည်ဖြစ်သည်။ စခန်းပွဲတွင် အဖွဲ့၏ ဩဝါဒါစရိယကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးမုနိန္ဒ(ကျိုက်ဝိုင်း) အရှင်သူမြတ်က သမထဝိပဿနာ တရားတော်များကို ဟောကြားပြသချီးမြှင့်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ၁၀-၄-၂၀၁၀ရက် (စနေနေ့) ညနေ ၅နာရီအရောက် မှတ်ပုံတင်ကတ်ပြားများဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများ၊ ပါကေးကြမ်းခင်းအလှူရှင်များ ဖုန်း-၀၉-၈၆-၂၃၉၉၇ သို့ ဆက်သွယ်ပါရန် နိုးဆော်အပ်ပါသည်။

Colour -V
သကြၤန်အထူး နှုန်း
01-380211

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၆/၁၊ မြေကွက်အမှတ် ၁၁၉၂၊ ဧရိယာ ၀ဒသမ၁၀၇ဧကရှိ နှစ်၆၀ဂရန် မြေကွက်အနက်မှ အရှေ့မြောက်ဘက်ခြမ်း အကျယ်အဝန်း(အလျား ၇၅ပေ× အနံ $\frac{၂၉}{၄၀}$ ပေ)ခန့်ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်သူ ဒေါ်သန်းမြင့် ၁၂/သဃက(နိုင်) ၀၀၆၂၄၀ထံမှဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းပြည့်စုံစွာဖြင့် ဤသတင်းစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဦးကျော်ထွန်းလင်း ၁၂/ရကန(နိုင်)၀၅၄၄၄၀
အမှတ်2-D/1၊ကေရာဇ်လမ်း၊ တက္ကသိုလ်ရိပ်မွန်ဥယျာဉ်အိမ်ရာ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၂၃၅၈၂။

အဓိက လိမ်းဆေး
Ph:379385

ဝမ်းနည်းကြေကွဲခြင်း

ဦးဘိုနီ (ဘိုနီ-သတင်းထောက်)
လားရှိုးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဥက္ကဋ္ဌ-ဟောင်း)

လားရှိုးမြို့ ဒေါ်ဖြူဖြူ (ဝင်းနိုင်-စာပေ)၏ခင်ပွန်း၊ မောင်လှိုင်တိုး၊ မမူမူထိုက်၊ မယုယုထိုက်တို့၏ဖခင် ဦးဘိုနီ (ဘိုနီ-သတင်းထောက်)သည် ၁-၄-၂၀၁၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

လားရှိုးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့။

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ပခ/၂၀၁၇၂ Kenbo Dream 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၇/ပခန(နိုင်)၁၈၂၄၅၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊(တိုင်းဦးစီးမှူးရုံး)၊ပဲခူး။

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၂)၊ နဝမတန်း(က)မှ မောင်လှသိန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးလီရှောက်ရောက်ဖြစ်ပါသည်။ **ဦးလီရှောက်ရောက် ၁၃/ကလတ(နိုင်)၀၀၉၄၀၄။**

မိုး သတိပြု

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်အောင်ခိုင်
(နာယက၊ ပေါက်ခေါင်းမြို့နယ်အသင်း) အသက်(၇၃)နှစ်

[ဦးချစ်ခိုင်(ရွှေနေ)-ဒေါ်ထားရီ]တို့၏ သားကြီး၊ ဦးရဲထွဋ်(ပေါက်ခေါင်းမြို့နယ်အသင်း- ရန်ကုန်)နှင့် ရာသက်ပန်အသင်းဝင်များဖြစ်ကြသော ဦးမောင်မောင်ချို၊ ဒေါ်ရီရီခိုင်တို့၏ အစ်ကိုကြီး ဦးတင်အောင်ခိုင်(နာယက-ပေါက်ခေါင်းမြို့နယ်အသင်း)သည် ၃-၄-၂၀၁၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့
ပေါက်ခေါင်းမြို့နယ်အသင်း ရန်ကုန်။

ဝမ်းနည်းကြေကွဲခြင်း

(ဦးကျင်ဝမ်-ဒေါ်စောလှိုင်)နဂါး-ဖလ်မြေ-မှန်မြေတို့၏ စတုတ္ထသမီး ဒေါ်လွှင်လွှင်မြင့်(ခ)MARIE အသက်(၆၈)နှစ်သည် ၂-၄-၂၀၁၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မိုးကောင်းစေတီတော် ဂေါပကအဖွဲ့
ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ
ဦးကျော်မင်းနှင့်ဂေါပကအဖွဲ့ဝင်များ။

ဝမ်းနည်းကြေကွဲခြင်း

မိုဟာမက်ဆလင်း (တောင်ကြီး) အသက် (၅၃)နှစ်

မိုဟာမက်ဆလင်းသည် ၃၁-၃-၂၀၁၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ဖာတမာဘီဘီ-(ရေးမြို့-မွန်ပြည်နယ်)၊
ဦးစိုးအောင် (မြို့နယ်မှူး-ငြိမ်း၊ အိမ်မဲမြို့နယ်ရဲတပ်ဖွဲ့)၊
ဦးရှိတ်မာမက် (ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး၊ မီတာ) ရေးမြို့ EPC၊
ဦးရှုဖီး (ပုလဲရောင်းဝယ်ရေး၊ ချောင်းသာကမ်းခြေ)၊
ဒေါ်မာဒရမ်(ပန်းသဇင်အထည်ရောင်းဝယ်ရေး၊ ရေးမြို့)၊
ဆရာမ ဒေါ်သစ်သစ်လွင်(ဌာနစုမှူး၊ နည်းပညာတက္ကသိုလ်ထားဝယ်မြို့)။

လွမ်းဆွတ်သတိရခြင်း

မောင်မျိုးကျော်မောင် (CB Bank) (၇-၁-၂၀၁၀)

သားလေးရေ…

အမေတို့ မိသားစုဘဝမှာ သားလေးမရှိတော့ မပြည့်စုံတော့ဘူးသားရယ်၊ အမေတို့ကို ခွဲသွားခဲ့တာ သုံးလပြည့်ခဲ့ပြီနော် လွမ်းဆွတ်သတိရဆဲပါ၊ အမေတို့ပြုသမျှ ကောင်းမှုဒါနအစုစုကို အမျှပေးဝေပါတယ်၊ သားလေး ရရှိခံစားနိုင်ပါစေ-

မိခင် - ဒေါ်စိန်စိန်
အစ်မ - နှင်းရည်မောင်(TTC လှိုင်)
ညီမ - နှင်းနုနုမောင်(ဒဂုံတက္ကသိုလ်)။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

စိုက်ပျိုးရေးအတွက် ဆည်ရေဧက ၁၂၀၀၀ ကို ရေပေးဝေနိုင်မည့် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြင်သာရွာအနီးရှိ မြစ်သာရေလှောင်တမံကို ဤသို့ တွေ့ရသည်။

ယောနယ်တစ်ခွင် ဖွံ့ဖြိုးစည်ပင်စေမည့် မြစ်သာရေလှောင်တမံ

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း ကလေးဝင်းသူ

စာမျက်နှာဖွဲ့စည်းမှု မင်းထွန်း(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၆

ယောနယ်ခရီးစဉ်အစ····။ ထီးလင်းမြို့နယ် ကဖွန်းတောင်သို့ သဲသယ်ကားဖြင့် လိုက်ပါခဲ့သည်။ လွန်ခဲ့သော ခုနစ်နှစ်ခန့်ကာလ မောလယ်-ကြာပတ်ရွာသို့ရောက်ခဲ့စဉ် ကြာပတ်ရွာသားတစ်ဦးက လက်ညှိုးထိုးပြသဖြင့် ချောင်းတစ်ဖက်ကမ်းရှိ ကဖွန်းတောင်ရွာကလေးကို လှမ်းမြင်ရုံသာ မြင်ခဲ့ရဖူးသည်။ မရောက်ဖြစ်ခဲ့ချေ။

စာမျက်နှာ ၈ ကော်လံ ၁ ●

နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၆

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျထုတ်ဝေသွားမည်ဖြစ်သည်။

ကြေးမုံနားမည်

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။

မြန်မာ့အလင်းနှင့် နယူးလိုက်အော့ဖ် နားမည်

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန် ၆-၄-၂၀၁၀

➢ ချောက်မြို့	၄၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ်
➢ ညောင်ဦးမြို့	၄၄ ဒီဂရီစင်တီဂရိတ်
➢ မင်းဘူးမြို့	၄၄ ဒီဂရီစင်တီဂရိတ်
➢ မကွေးမြို့	၄၄ ဒီဂရီစင်တီဂရိတ်
➢ အောင်လံမြို့	၄၄ ဒီဂရီစင်တီဂရိတ်
➢ မန္တလေးမြို့	၄၃ ဒီဂရီစင်တီဂရိတ်